# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက် ၊ ကြာသပတေးနေ့ ၊ (14-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၉၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ



ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသည့် ဆရာတော်ကြီးများနှင့်မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊

စာမျက်နှာ ၁၆ ကော်လံ ၁



ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

## ဆီးချိုသွေးချိုရောဂါကင်းဝေးဖို့ ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်စို့

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်သည် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ဖြစ်သည်။ ဆီးချိုသွေးချိုရောဂါသည် မကူးစက်နိုင်သောရောဂါဖြစ်သော်လည်း အသက်အန္တရာယ်မရွေးဖြစ်ပွားနိုင်သောကြောင့် လူတိုင်းကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံကိုကျင့်သုံး၍ ဆီးချိုသွေးချိုရောဂါကို ကာကွယ်ထိန်းချုပ်ကြရမည်ဖြစ်သည်။

ယခုအခါ ဆီးချိုသွေးချိုရောဂါဖြစ်ပွားသေဆုံးမှုမြင့်မားလာသောကြောင့် ကာကွယ်ထိန်းချုပ်ရန်နှင့် ရောဂါအန္တရာယ်အသိပညာပေးခြင်းကို မြှင့်တင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ် နိုဝင်ဘာ ၁၄ ရက်ရောက်တိုင်း ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ရေးနေ့အဖြစ် အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပဆောင်ရွက်ခဲ့ကြသည်။

လူတစ်ဦး၏ ဆီးချိုရောဂါသည် အင်ဆူလင်ဟော်မုန်းထုတ်လုပ်မှုချို့ယွင်းနည်းပါးမှုကြောင့်ဖြစ်ခဲ့လျှင် ၎င်းကို ဆီးချိုအမျိုးအစား(၁)၊ အင်ဆူလင်ဟော်မုန်းပုံမှန်ထုတ်လုပ်သော်လည်း ဟော်မုန်း၏အစွမ်းသတ္တိ ထိရောက်စွာမပြလျှင် ၎င်းကို ဆီးချိုအမျိုးအစား(၂) ဟုခေါ်သည်။ အင်ဆူလင်ဟော်မုန်းထုတ်လုပ်မှုနည်းပါးသည်ဖြစ်စေ၊ အင်ဆူလင်ဟော်မုန်းအစွမ်းသတ္တိမပြနိုင်သည်ဖြစ်စေ နှစ်မျိုးစလုံးသည် သွေးထဲရှိ သကြားဓာတ်ပမာဏကို တက်စေသည်။ သွေးထဲတွင် သကြားဓာတ်ပမာဏတက်ကာ ဆီးသွားများခြင်း၊ ဆီးသွားများ၍ ရေငတ်ခြင်း၊ ရေအများအပြားသောက်ခြင်း၊ အမြင်အာရုံကျဆင်းဝေဝါးခြင်း၊ အကြောင်းမဲ့ပိန်ခြင်း၊ မအီမသာဖြစ်ခြင်းတို့သည် ဆီးချိုသွေးချိုရောဂါလက္ခဏာများဖြစ်သည်။

"ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုကောင်းသည်"ဟု ဆိုထားရာ ဆီးချိုသွေးချိုရောဂါမဖြစ်ပွားစေရန်အတွက် လူတိုင်းအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံကို ကျင့်သုံးရန် အထူးလိုအပ်ပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူလူထု၏ ကျန်းမာရေးမြှင့်တင်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် ကုသမှုရရှိစေရန်နှင့် ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာမြင့်မားစေရေးအတွက် Center of Excellence for Diabetes များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင်ရှိသည့် ဆေးရုံကြီးလေးခုနှင့် မကွေးပြည်သူ့ဆေးရုံကြီးတွင် ဖွင့်လှစ်၍ ခေတ်မီနည်းပညာကုထုံးများဖြင့် ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုမှကာကွယ်ရန် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်သင့်သည်။ ခန္ဓာကိုယ်ကို ပုံမှန်လှုပ်ရှားမှုပြုလုပ်ပေးခြင်းဖြင့် ဆီးချိုသွေးချိုရောဂါအတွက် ဆေးမှီဝဲရမှုကို သိသိသာသာလျှော့ချနိုင်သည်။ နံနက်နှင့်ည ထမင်းစားပြီး ၁၅ မိနစ်ခန့်လမ်းလျှောက်ပေးခြင်းက ဆီးချိုပမာဏလျော့ကျနှုန်းကို မြန်ဆန်စေသည်။ ပြည့်ဝဆီများဖြစ်သော ဝက်ဆီ၊ အမဲဆီ စသောတိရစ္ဆာန်တို့၏အဆီများနှင့် သကြား၊ နို့ဆီပါဝင်သော အချိုလွန်ကဲသည့်အစားအစာများကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ဆီးချိုသွေးချိုဝေဒနာရှင်များအနေဖြင့် အစာအာဟာရကို မှန်မှန်ကန်ကန်စားသုံးနိုင်မှသာ ဆီးချိုသွေးချိုဓာတ်လွန်ကဲမှုကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဆီးချိုသွေးချိုရောဂါဖြစ်ပွားသေဆုံးမှုနှင့်ဆီးချိုရောဂါနောက်ဆက်တွဲရောဂါများဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် လူတိုင်းဆီးချိုသွေးချိုရောဂါကို ကိုယ်တိုင်သိရှိနားလည်ပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ပြုမူကာ လိုအပ်သော စစ်ဆေးကုသမှုများကို အချိန်မီခံယူကြရမည်ဖြစ်သည်။ သို့မှသာ လူတိုင်းဆီးချိုသွေးချိုရောဂါကင်းဝေးပြီး ကျန်းမာပျော်ရွှင်သောလူမှုဘဝများကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလ ဒုတိယပတ်မှစ၍ သကြားအရောင်းအဝယ် ကောင်းမွန်လာ



**မန္တလေး နိုဝင်ဘာ ၁၃**

မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလ ဒုတိယပတ်မှစ၍ သကြားအရောင်းအဝယ် ကောင်းမွန်လာကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌွေးက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလပထမပတ်က သကြားများ ပုံမှန်အနေအထားအတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး နိုဝင်ဘာလဒုတိယပတ်မှစ၍ သကြားအရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အရင်က သကြားကုန်စည်လက်ကျန်ပြတ်တာမျိုးတွေတော့ မရှိပါဘူး။ အခုလတ်တလော မန္တလေးဈေးကွက်ထဲမှာ ကုန်သည်တွေ အဝယ်များလာလို့ သကြားလက်ကျန် နည်းလာပါတယ်။ သကြားအရောင်းအဝယ်ကလဲ ကောင်းလာပါတယ်"ဟု မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း (မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌွေးက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယခုလက်ရှိ ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားလာခြင်းကြောင့် သကြားအရောင်းအဝယ် ကောင်းမွန်ခဲ့ပြီး ယနေ့ပေါက်ဈေးအရ သကြားတစ်ပိဿာလျှင် ငွေကျပ် ၅၁၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြည်တွင်းက ထွက်ရှိတဲ့ သကြားကို အများဆုံးဝယ်ယူတဲ့ ပြည်ပနိုင်ငံတွေကတော့ ဗီယက်နမ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့က မှာယူမှုအများဆုံးဖြစ်ပါတယ်။ ပြည်ပက သကြားမှာယူမှုတွေ ပြန်ပြီးများလာတာကြောင့် ပြည်တွင်းဈေးကွက်မှာလဲ သကြားက အရောင်းအဝယ် တော်တော်လေး ကောင်းလာပါတယ်"ဟု မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌွေးက ပြောပြသည်။

ပြည်တွင်း၌ သကြားထွက်ရှိမှု အများဆုံးတိုင်းဒေသကြီးများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ အရည်အသွေးကောင်းသည့် သကြားများ အများဆုံးထွက်ရှိကြောင်း သိရသည်။

(၁၈၄)

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တီလားဗီးယား ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီးမော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တီလားဗီးယား ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက တီလားဗီးယား ပိဿာချိန် ၄၀၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တီလားဗီးယား ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က တီလားဗီးယားတွေ ဝယ်ယူမှုကောင်းနေတာကြောင့် ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရတယ်။ ငါးပိဿာချိန်တွေ တော်တော်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်သားနဲ့ ကုန်သည်တွေ အဆင်ပြေနေပါတယ်။ အခု တီလားဗီးယား ဝယ်ယူမှုကောင်းလာတာကြောင့် မွေးမြူသူတွေငါးအကောင်ရေ ထပ်တိုးမွေးလာတာတွေ့ရပါတယ်။ ငါးဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

## မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြင်းမူ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၇၁၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၃၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နေကြာ ၁၇၁၇၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နေကြာ ၁၃၃၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကနေ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နေကြာစိုက် တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရေး စသည့် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မြဝတီ နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ချောင်းဆုံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင် ဦးစီးမှူး ဒေါ်ကပေါ်ထူးနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက စက်ရေတွင်းတူးဖော်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်အတွင်း အချိန်မီပြီးစီးရေး တာဝန်ရှိသူများကို မှာကြားသည်။

မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေ ၂၃ ဒသမ ၅ သန်းဖြင့် အကျယ် လေးလက်မ၊ အနက် ပေ ၂၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံ တည်ဆောက်ခြင်း၊ ဂါလန် ၂၅၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ဌာနကော်မတီမှ ဇွန်လတတိယပတ်က စတင်တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သဖြင့် အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ချောင်းဆုံကျေးရွာရှိ ကျေးရွာနေပြည်သူများ သောက်သုံးရေများ ဖူလုံစွာရရှိလာတော့မည်ဖြစ်ကြောင်း မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူးက ပြောပြ၍ သိရသည်။

ကိုသက်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၃၆ လမ်း၊ ၈၄-၈၅ လမ်းကြားနေ ဦးကျော်ဝင်း-ဒေါ်မြမေ တို့၏မင်္ဂလာသက်တမ်း နှစ် ၅၀ ရွှေရတုအထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် ငွေကျပ် ၂၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်တို့က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၁၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၁၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၅၆၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၁၁၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နှမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာ အဓိကထားစိုက်ပျိုးကြတာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# အောင်လံမြို့နယ် မအူခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မအူခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၂ ရက်နေ့လယ်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အသင်းသား၊ အသင်းသူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မအူခုံကျေးရွာရှိ ဆီထွက်သီးနှံဖြစ်သည့် နေကြာ၊ မြေပဲနှင့်နှမ်း စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၂၆ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ပြောပြ၍ သိရသည်။

ကိုလှိုင်

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကွမ်းရွက် ပိဿာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ကွမ်းရွက်ပိဿာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မော်လင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ကွမ်းရွက်ပိဿာချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကွမ်းရွက်ပိဿာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များသည် အရည်အသွေးကောင်းမွန်ပြီး လူကြိုက်များကြောင်း သိရသည်။

''သယ်ယူတင်ပို့ရတဲ့ လမ်းကြောင်းကလဲ အဆင်ပြေပါတယ်။ အရည်အသွေးကောင်းတာကြောင့် ရန်ကုန်ဈေးကွက်ကို ဒေသထွက် ကွမ်းရွက်တွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကွမ်းရွက်ပိဿာချိန် ၆၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ပါတယ်။ ဒီဘက်ဒေသထွက် ကွမ်းရွက်တွေ ဝယ်လိုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့ တောင်သူတွေနဲ့ လုပ်ငန်းရှင်တွေ အဆင်ပြေပါတယ်။ လက်ရှိ ကွမ်းရွက်ဈေးကလဲ အရင်ကထက် ဈေးကောင်းလာတယ်။ ဒီဘက်ဒေသက ကွမ်းတွေက အရည်အသွေး အတော်လေးကောင်းမွန်ပါတယ်'' ဟု ညောင်တုန်းမြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မော်လင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျ ရွေးထုတ်သန့်စင်ပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၂၀၀၀၀၀ ထိ ဈေးပေါက်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မော်လင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# စိန္တကျော်သူဦးရွဲ၏ ဘဝနှင့်စာပေ (၃)

ဗိုလ်ရှိတ်(ရတနာပူရ)

**မင်းမှုထမ်းဘဝ**

စိန္တကျော်သူဦးရွဲသည် သာမဏေဘဝတွင် ပထမကျော်အောင်ပန်းကို ဆွတ်ခူးရရှိခဲ့သည်ထိ ပညာအရာတွင် ထွန်းတောက်ခဲ့သည်။ အသက် ၁၉ နှစ်အရွယ်သို့ရောက်သောအခါ မင်းမှုထမ်းဘဝသို့ စတင်အခြေချခဲ့ပါသည်။ အသက် ၁၉ နှစ်တွင် သာမဏေဘဝမှလူထွက်ကာ မင်းမှုထမ်းခဲ့သည်။ ပထမဆုံးသောမင်းမှုထမ်းအလုပ်မှာ လွှတ်တော်တွင် ရေးမှတ်ရခြင်းဖြစ်သည်။ ရှေးပေမူတွင် ၁၉ နှစ်အရွယ် လူထွက်၍ လွှတ်တော်တွင်ရေးမှတ်ရသည်ဟုဆိုသောကြောင့် စတင်မင်းမှုထမ်းနှစ်ကိုတွက်ပါက ၁၁၃၉ ခုနှစ်ဖွားဖြစ်သောကြောင့် ၁၉ နှစ်ကိုပေါင်းပါက သက္ကရာဇ် ၁၁၅၈ ခုနှစ် ဘိုးတော်ဗဒုံမင်းလက်ထက် စတင်မင်းမှုထမ်းကြောင်း သိနိုင်သည်။

ထိုသို့ လွှတ်တော်မှာအမှုထမ်းစဉ် ရာဇဝင်၊ ဗေဒင်၊ ဆေးကျမ်းများ တတ်ကြောင်း ဘိုးတော်ဗဒုံမင်းတရားကြီးက ကြားသိသဖြင့် ကွမ်းရေတော်အဖြစ်အမှုထမ်းရသည်။ ထို့နောက်တွင် စိန္တကျော်သူဦးရွဲ၏အရည်အချင်းများကြောင့် အဆင့်ဆင့်ရာထူး၊ ဘွဲ့ထူးများ တိုးမြှင့်ခန့်ထားခံရသည်။ ဘိုးတော်ဗဒုံမင်းလက်ထက်၌ ဆင်ကျေးတိုက်ဝန်၊ မြေတိုင်းဝန်၊ မြစ်စဉ်ဝန်ကြီး စသည့်ရာထူးများကို ရရှိခဲ့သည်။ ဘိုးတော်ဗဒုံမင်းလက်ထက်တွင် စိန္တကျော်သူဦးရွဲသည် အထက်ပါရာထူးများကိုသာ ရရှိခဲ့ဟန်တူပါသည်။ စိန္တကျော်သူဘွဲ့ကိုလည်း ဘိုးတော်ဗဒုံမင်းလက်ထက်ကပင်ရရှိသည်၊ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ရရှိသည် စသည်ဖြင့် နှစ်မျိုးနှစ်စားကွဲပြားစွာတွေ့ရပါသည်။

မေဂျာဟင်နရီဘာနေ၏မှတ်တမ်း၌ ဦးရွဲရရှိခဲ့သော ဘွဲ့နှင့်ရာထူးများအကြောင်းကို မြန်မာသံအဖွဲ့ခေါင်းဆောင်၏ယင်အမည်မှာ မောင်ရွဲဖြစ်သည်။ ဘွဲ့မှာ မင်းကြီးမဟာစည်သူဖြစ်၏။ လွန်ခဲ့သည့်ဘုရင်းမင်းမြတ်လက်ထက်၌ မြေတိုင်းဝန်ရာထူးနှင့် မြစ်စဉ်ဝန်ရာထူးတို့ကို ထမ်းဆောင်ခဲ့ရသည်။ သံကြီးအဖြစ် ခန့်ထားရွေးချယ်ခံရချိန်၌ တွင်းသင်းဝန်အဖြစ် အမှုတော်ကိုထမ်းဆောင်နေရသည်။ စာပေနှံ့စပ်တတ်သိသည်။ အထူးသဖြင့် ရာဇဝင်နှင့် ပထဝီဝင်တို့ကိုတတ်ကျွမ်းသည်ဟု ဂုဏ်သတင်းကြီး၏။ အင်းဝနေပြည်တော်တွင် သူ၏ ယခင်ဘွဲ့ဟောင်း စိန္တကျော်သူအမည်နှင့်ပင် ထင်ရှားခဲ့ပြီးတွင်သည်ဟူ၍ ဖြစ်သည်။

ဘာနေ၏မှတ်တမ်းအရ စိန္တကျော်သူဦးရွဲသည် ဘိုးတော်ဗဒုံမင်းလက်ထက်၌ မြေတိုင်းဝန်၊ မြစ်စဉ်ဝန်ဖြစ်ခဲ့ကြောင်း ထင်ရှားသည်။ စိန္တကျော်သူဘွဲ့ရရှိခဲ့ပုံကို သုံးနှုန်းရာတွင် ဘာနေ၏မှတ်တမ်း၌ "ယခင်ဘွဲ့ဟောင်း စိန္တကျော်သူအမည်နှင့်ပင် ထင်ရှားခဲ့ပြီးတွင်သည်"ဟူ၍ သုံးနှုန်းထားသဖြင့် ဘိုးတော်ဗဒုံမင်းလက်ထက်က စိန္တကျော်သူဘွဲ့ရရှိခဲ့သောကြောင့် ယခင်ဘွဲ့ဟောင်းဟု ရည်ညွှန်းသုံးထားခြင်းဖြစ်သည်ဟုဆိုစရာရှိပါသည်။ စိန္တကျော်သူဦးရွဲကိုယ်တိုင်ရေးခဲ့သည့် မဟာဓမ္မေယျပျို့နိဂုံးပိုဒ်ရေ ၃၃၌–

" အမရပူရ၊ နွတ္တရွှေပြည်<br>
နိဗ္ဗာန်ရည်နှင့်၊ ဇာနည်ဖြူလွ<br>
အစုံရသား၊ ပေါက်ပြမာတင်<br>
ဆဒ္ဒါန်ရှင်ဟု၊ သီလဝင်ပျံ<br>
ထားလုံချွန်ရိုး၊ အောင်သံနှိုးသည်<br>
မြတ်ဘိုးတော်ကြီး၊ ဘုန်းမီးတောက်ထိန်<br>
နန်းပွင့်ချိန်ဝယ်၊ စိန္တကျော်သူ<br>
ဇမ္ဗူဂုဏ်းထိန်၊ နှုတ်တော်မိန့်၍<br>
ချီအိန့်လေးနက်၊ ရွှေခဲ့ကွက်သည်<br>
အောင်အက္ခရာလေးလုံးစာနှင့်<br>
ကမ္ဘာတံဆောင်၊ ထွန်းရစ်အောင်လျှင်"ဟူ၍

ရေးဖွဲ့ထားသည်။ အထက်ပါစာပိုဒ်တွင် "မြတ်ဘိုးတော်ကြီး"ဟု ဘကြီးတော်စစ်ကိုင်းမင်း၏ ဘိုးတော်ဗဒုံမင်းကို ရည်ညွှန်းထားသဖြင့် စိန္တကျော်သူဟူသောအက္ခရာလေးလုံးပါတံဆိပ်သည် ဘိုးတော်ဗဒုံမင်းက နှုတ်တော်မိန့်၍ ပေးခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလှပါသည်။ ထို့ကြောင့် ဘာနေ၏အလို၊ မဟာဓမ္မေယျပျို့နိဂုံးအရ စိန္တကျော်သူဘွဲ့သည် ဘိုးတော်ဗဒုံမင်းက ပေးခဲ့ကြောင်း ထင်ရှားပါသည်။

> ❖စိန္တကျော်သူဦးရွဲသည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ မိုးတားမြို့စား၊ မဟာစည်သူ၊ ဝန်ထောက် စသည့် ဘွဲ့တံဆိပ်၊ ရာထူးများရရှိခဲ့ကြောင်းသိရသည်။ ရှေးပေမူတွင် မဟာစည်သူဘွဲ့အရင်ရသည်။ နောက်မှ မင်းကြီးမဟာစည်သူဘွဲ့နှင့် ဝန်ထောက်ခန့်တော်မူသည်ဟူ၍ဆိုထားသည်။ မဟာစည်သူမင်းကြီး မဟာစည်သူ၊ ဝန်ထောက် ဘွဲ့တံဆိပ်ရာထူးများသည် ဘင်္ဂလားကိုသွား၍အပြန်တွင် ရရှိခဲ့ပါသည်။ မှတ်တမ်းတစ်ခုတွင် ဘင်္ဂလားကအပြန် ၁၀ လအကြာတွင် ရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုထားပါသည်။ စိန္တကျော်သူဦးရွဲ ဘင်္ဂလားမှ အင်းဝသို့ပြန်ရောက်သောနှစ်မှာ ၁၁၇၅ ခုနှစ်ဖြစ်သည်။ ၁၁၇၅ ခုနောက်ပိုင်းတွင် ထိုဘွဲ့တို့ကို ရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ ❖

**ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်**

၁၁၈၁ ခုနှစ်တွင် ဘိုးတော်ဗဒုံမင်း နတ်ရွာစံခဲ့သည်။ ထိုအခါ မြေးတော် စစ်ကိုင်းမင်းသည် အမရပူရထီးနန်းကို ဆက်ခံသည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ စိန္တကျော်သူဦးရွဲသည် ဘိုးတော်ဗဒုံမင်းလက်ထက်ကထက်ပို၍ မြောက်စားချီးမြှင့်ခြင်းကို ခံရသည်။ မြန်မာနိုင်ငံသမိုင်းကော်မရှင်က ထုတ်ဝေသည့် ဘင်္ဂလားသွားစာတမ်းစာအုပ်တွင်ပါရှိသော ဆရာကြီးဦးဖေမောင်တင်၏ "တွင်းသင်းဝန်မင်းကြီးမဟာစည်သူဦးရွဲ"ဟူသောစာတမ်း၌ ဘကြီးတော်လက်ထက်ရရှိသော ရာထူး၊ ဘွဲ့တံဆိပ်များအကြောင်းကို "ဆင်ခြေတိုက်ဝန်စိန္တကျော်သူဦးရွဲအကြောင်းကိုလည်းကောင်း၊ မြေတိုင်းဝန်၊ မြစ်စဉ်ဝန်တို့အကြောင်းကိုလည်းကောင်း ဘိုးတော်ဘုရားလက်ထက်တွင် ဖော်ပြထားခြင်းမရှိချေ။ ရာထူးအားဖြင့် ငယ်နု၍သော်လည်းကောင်း၊ တစ်စုံတစ်ရာ ထူးချွန်ထင်ရှားခြင်းမရှိ၍သော်လည်းကောင်းဖြစ်ဟန်တူပါသည်။ ဘကြီးတော်ဘုရား သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် အထွတ်အထိပ်သို့ရောက်၍ မင်းညီမင်းသား၊ မှူးမတ်၊ မှုထမ်းရာထမ်းအပေါင်းတို့ကို ဘွဲ့မည်ရည်ရာထူးချီးမြှင့်တော်မူသောအခါ နေမျိုးကျော်ထင်ကို တွင်းသင်းတိုက်ဝန်ခန့်တော်မူသည်ဟူ၍တွေ့ရသည်။ တဖန် တွင်းသင်းတိုက်ဝန်နေမျိုးကျော်ထင်ကို နေမျိုးသခ်ယာဘွဲ့ပေးသည်ဟု တွေ့ရပါသည်။ ဤတွင် နေမျိုးကျော်ထင်နှင့် နေမျိုးသခ်ယာဘွဲ့ကိုရသူ တွင်းသင်းတိုက်ဝန်၏ ငယ်မည်မှာ ဦးရွဲဖြစ်ခဲ့သော် ဓမ္မေယျပျို့သစ်နိဂုံးပါ နေမျိုးနှစ်ကြိမ်ဟူသောအဆိုနှင့်ကိုက်ညီနေပေသည်" ဟူ၍ဖြစ်သည်။ ဤမှတ်တမ်းအရ စိန္တကျော်သူဦးရွဲသည် နေမျိုးကျော်ထင်၊ နေမျိုးသခ်ယာဘွဲ့ကို ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ ရရှိခဲ့သည်ဟု သိရပါသည်။ တွင်းသင်းတိုက်ဝန်ရာထူးကိုလည်း ရရှိခဲ့ကြောင်း သိရပါသည်။

အလယ်နန်းတော်၊ စုဖုရားစာရေးကြီး ဆင်အုပ်၊ ဆင်ဝန်ထောက်၊ လက္ခဏာဘတ်မင်းကျော်ရာဇာ အမတ်ရေးသားသော ဝန်ကြီးဝန်ထောက် အတွင်းဝန်မှူးခန့်စာတမ်းပရပိုက်၌ "ဘကြီးတော်ဘုရားလက်ထက် မိုးတားမြို့စား စိန္တကျော်သူဦးရွဲကို မဟာစည်သူဘွဲ့နှင့်ဝန်ထောက်ခန့်သည်"ဟူ၍ တွေ့ရပါသည်။ စိန္တကျော်သူဦးရွဲသည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ မိုးတားမြို့စား၊ မဟာစည်သူ၊ ဝန်ထောက် စသည့် ဘွဲ့တံဆိပ်၊ ရာထူးများရရှိခဲ့ကြောင်း သိရသည်။ ရှေးပေမူတွင် မဟာစည်သူဘွဲ့အရင်ရသည်။ နောက်မှ မင်းကြီးမဟာစည်သူဘွဲ့နှင့် ဝန်ထောက်ခန့်တော်မူသည်ဟူ၍ဆိုထားသည်။ မဟာစည်သူမင်းကြီး မဟာစည်သူ၊ ဝန်ထောက်ဘွဲ့တံဆိပ်ရာထူးများသည် ဘင်္ဂလားကိုသွား၍အပြန်တွင် ရရှိခဲ့ပါသည်။ မှတ်တမ်းတစ်ခုတွင် ဘင်္ဂလားကအပြန် ၁၀ လအကြာတွင် ရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုထားပါသည်။ စိန္တကျော်သူဦးရွဲ ဘင်္ဂလားမှအင်းဝသို့ပြန်ရောက်သောနှစ်မှာ ၁၁၇၅ ခုနှစ်ဖြစ်သည်။ ၁၁၇၅ ခုနောက်ပိုင်းတွင် ထိုဘွဲ့တို့ကို ရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုနိုင်သည်။

စိန္တကျော်သူဦးရွဲ အသက် ၅၃ နှစ်အရွယ်၊ သက္ကရာဇ် ၁၁၉၂ ခုနှစ်တွင် ဘင်္ဂလားသို့ သံအဖွဲ့ခေါင်းဆောင်အဖြစ်သွားရသည်။ ဘင်္ဂလားသို့ အရေးပိုင်အဖြစ် ခန့်ထား၍ သွားရသောကြောင့် အရေးပိုင်မင်းကြီးဟူ၍လည်းခေါ်ကြသည်။ ဒဂုန်နတ်ရှင်၏မှတ်တမ်းတွင် ကုလားမြို့အရေးကို အေးငြိမ်းအောင်မြင်ခြင်းကြောင့် ကုလားမြို့အရေးပိုင်ဟူသောဘွဲ့ရကြောင်းဆိုထားသည်။ အရေးပိုင်ရာထူးရကြောင်းကား ထင်ရှားလှသည်။ စိန္တကျော်သူဦးရွဲသည် ဘိုးတော်ဗဒုံမင်း၊ ဘကြီးတော်စစ်ကိုင်းမင်းတို့လက်ထက်၌ ရရှိခဲ့သော ရာထူးနှင့်ဘွဲ့တံဆိပ်များကို မဟာဓမ္မေယျပျို့နိဂုံးပိုဒ်ရေ ၂ တွင်–

" ရွှေနန်းထက်ဝယ်၊ ကွမ်းဆက်ရေကို<br>
ထွဋ်တိုင်ဘုရား၊ နှစ်ပါးရွှေမှောက်<br>
ရေးရာလျှောက်၍၊ မှူလောက်ကံကျွေး<br>
ဝန်စုပေးသား၊ ဆင်ကျေးသမိုက်<br>
တိုက်နှင့်မြေတိုင်း၊ ခွန်လှိုင်းမိုးတား<br>
မြို့ကြီးစားမှ၊ ထပ်ပွားဆက်လျဉ်<br>
မြစ်စဉ်တလျှောက်၊ ဝန်ပြီးနောက်လည်း<br>
ဝန်ထောက်တော်တိုင်၊ ရေးပိုင်ရာမြင့်<br>
ဆင့်ဆင့်ကြီးကျယ်၊ ဇမ္ဗူလယ်တွင်"ဟူ၍

လည်းကောင်း၊ ပိုဒ်ရေ ၃ တွင်–

" မြတ်ဘိုးတော်ကြီး၊ ဘုန်းမီးတောက်ထိန်<br>
နန်းဖွင့်ချိန်ဝယ်၊ စိန္တကျော်သူ<br>
ဇမ္ဗူဂုဏ်နံ့ထိန့်၊ နှုန်တော်မိန့်၍<br>
ချီအိန့်လေးနက်၊ ရွှေခဲ့ကွက်သည်<br>
အောင်အက္ခရာ၊ လေးလုံးစာနှင့်<br>
ကမ္ဘာတံဆောင်၊ ထွန်းရစ်အောင်လျှင်<br>
ဂုဏ်ပြောင်မြောက်ကျိုး၊ ဆင့်ဆင့်တိုး၍<br>
နေမျိုးနှစ်ကြိမ်၊ နန်းရွှေအိမ်ဝယ်<br>
အောင်ငြိမ်မင်္ဂလာ၊ မဟာစည်သူ<br>
ဇမ္ဗူရောင်လစ်၊ သင်းကျစ်ရွှေပွင့်<br>
မင်းကြီးဆင့်သား၊ နတ်ရှင့်ကိုယ်ယုံ<br>
မတ်စွယ်စုံလျှင်၊ အောင်ဘုံဌာန<br>
အမရမှ၊ ရွှေဝတန်ဆောင်<br>
ပွင့်လင်းထောင်သည်၊ မင်းခေါင်မင်းဖျား<br>
မင်းတရားကြီး၏၊ ပတ္တမြားတံဆိပ်<br>
မိန့်တော်ရိပ်ကို၊ ဦးထိပ်တင်ဆင့်<br>
ရှိပန်းပွင့်သား၊ ဆိုခွင့်တင်းလင်း<br>
မပြေကြွင်းလျက်၊ မသွင်းလေဖြစ်<br>
မှုတော်သစ်၍၊ တိုက်မဓ္ဓိမ<br>
သေဋ္ဌသကို၊ ပတ်မျှန့်မွေ<br>
လှည့်ခဲ့စေဟု၊ သပြေချက်ရာ<br>
အာကာသိမ်းမြန်း၊ ရေးပိုင်ခန့်သော်" ဟူ၍

လည်းကောင်းရေးဖွဲ့ထားပါသည်။ မင်းနှစ်ပါးလက်ထက်၌ ရရှိခဲ့သည့် ဘွဲ့နှင့်ရာထူးကို အလုံးစုံပါအောင် ရေးဖွဲ့ထားခြင်းဖြစ်သည်။ စိန္တကျော်သူဦးရွဲ ရရှိခဲ့သော ဘွဲ့နှင့်ရာထူးများကို ရှင်းလင်းစွာမြင်နိုင်ရန် အစဉ်အတိုင်းဖော်ပြပါမည်။ သို့မှသာ ရှင်းရှင်းလင်းလင်းလေ့လာရလွယ်ပါမည်။

**ဘိုးတော်ဗဒုံမင်းလက်ထက်**

၁။ လွှတ်တော်ရေးရာထူး<br>
၂။ ကွမ်းရေတော်<br>
၃။ ဆင်ကျေးတိုက်ဝန်<br>
၄။ မြေတိုင်းဝန်<br>
၅။ မြစ်စဉ်ဝန်ကြီး<br>
၆။ စိန္တကျော်သူဘွဲ့

**ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်**

၁။ တွင်းသင်းတိုက်ဝန်<br>
၂။ နေမျိုးကျော်ထင်ဘွဲ့<br>
၃။ နေမျိုးသခ်ယာဘွဲ့<br>
၄။ သံကြီး<br>
၅။ အရေးပိုင်<br>
၆။ မဟာစည်သူ<br>
၇။ မင်းကြီးမဟာစည်သူ<br>
၈။ ဝန်ထောက်တော်<br>
၉။ မိုးတားမြို့စား

အထက်တွင်ဖော်ပြခဲ့သော စာရင်းအရ စိန္တကျော်သူဦးရွဲသည် ဘိုးတော်ဗဒုံမင်းလက်ထက်ထက် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ ရာထူးဘွဲ့တံဆိပ်များ ပိုမိုရရှိခဲ့ကြောင်း တွေ့နိုင်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၃၇၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၃၇၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၇၄၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၇၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မြေပဲ ၃၇၄၅၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၃၇၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်၌ ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

## ပန်းတနော်မြို့နယ် ရွှေရောင်ပြကျေးရွာ၌ ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပန်းတနော် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ရွှေရောင်ပြကျေးရွာ၌ ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်တိုးတိုးနှင့်တာဝန်ရှိသူများက ရွှေရောင်ပြ ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး အလေးထား ဆောင်ရွက်သွားကြရန် တိုင်းဒေသကြီးဦးစီးမှူးက ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအင်ဂျင်နီယာများ၏ နည်းပညာအကူအညီရယူကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းထိပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ လူဦးရေ ၄၃၀ တို့၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ငြိမ်းသူ(စလင်း)**

## တန်ဆောင်တိုင်မီးပုံးပွဲ

\- အိုးစည်သံ ညံမစဲ
ရှမ်းအကလဲ ပါချေသည်၊
နောင်နောင်သံ ဟိုသည်ဝေ့
ထိုနေ့ခါဆီ၊
ခေးသိုင်းက ပါချေပြီ
ကိန္နရီ ကိန္နရာအက၊
ရိုးရာဟန် မွေအနှစ်
လှစ်ကြစို့ဗျ။

\- အကဆိုတီး မြိုင်ဆိုင်ဆဲ
မီးပုံးလည်း ပြင်ကြပြီ၊
မှိုင်းတွေကို ထိုဆီခဏ
ဖြည့်ကြပေသည်၊
အားပေးသံ ညံကာစီ
လက်ခုပ်သံ ဆူကာဝဲ၊
သူသူငါ အပြိုင်ကျဲလို့
နွှဲကြသည့်ပွဲ။

\- ကောင်းကင်မှာ တိမ်တွေကင်း
လမင်းက ကြည်ကြည်သာ၊
သည်ညမှာ မိုးယံထက်
လင်းလက်ထိန်သာ၊
မီးပုံးက ရောင်စုံဖြာ
ထက်ဝဠာ တောက်ကာလင်း၊
ကြယ်လေးတွေ အပြိုင်နွှဲ
ပွဲလှဘိခြင်း။

\- မီးပုံးတွေ ဟိုသည်ပျံ့
လေနှံ့တဲ့ အရပ်ဆီ၊
ကြည့်လေရာ မြင်မဆုံး
မိုးလုံးပတ်လည်၊
ပျော်ကြလို့ ရွှင်ကြပြီ
တို့မြန်ပြည် သည်ခါပွဲ၊
နယ်နှံ့မှာ အပျော်မတန့်တဲ့
ခြေဆန့်သည့်ပွဲ။ ။

ပြေအေးသက်

# နိုင်ငံတကာ သတင်းများ

## ၂၀၂၃ ခုနှစ်အတွင်း လက်တင်အမေရိက၌ ဆင်းရဲမှုနှုန်းကျဆင်းခဲ့

နယူးယောက် နိုဝင်ဘာ ၁၃

၂၀၂၃ ခုနှစ်အတွင်း လက်တင်အမေရိကပြည်သူများ ဆင်းရဲမှုနှုန်းသည် ၃၃ နှစ်တာကာလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ကြောင်း ကုလသမဂ္ဂက နိုဝင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း လက်တင်အမေရိကပြည်သူများ ဆင်းရဲမှုနှင့် ရင်ဆိုင်ခဲ့ရမှုနှုန်းသည် ဒေသတွင်းလူဦးရေ စုစုပေါင်း၏ ၂၇ ဒသမ ၃ ရာခိုင်နှုန်းထိရှိခဲ့ရာ ၂၀၂၂ ခုနှစ်ကထက် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြထားသည်။

သို့ရာတွင် အလွန်အမင်းဆင်းရဲမှုဒဏ်ကို လက်တင်အမေရိက ဒေသတစ်ခုလုံး၏ လူဦးရေ ၁၀ ဒသမ ၆ ရာခိုင်နှုန်းထိ ခံစားနေကြရဆဲဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွင်း လက်တင်အမေရိကပြည်သူ သန်း ၁၇၀တို့မှာ ဆင်းရဲမှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရကြောင်း ကုလသမဂ္ဂက တွက်ချက်ထားသည်။

လက်တင်အမေရိက ဒေသ၌ ၂၀၂၃ ခုနှစ်အတွင်း ဆင်းရဲမှုနှုန်းကျဆင်းလာသော်လည်း ဝင်ငွေမညီမျှမှုပြဿနာကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အခြေခံ လိုအပ်ချက်များအတွက် နေ့စဉ်ဝင်ငွေမလုံလောက်သူများကို ဆင်းရဲသူများအဖြစ်၊ နေ့စဉ်စားရေးသောက်ရေးအတွက် ဝင်ငွေ မလုံလောက်သူများကို အလွန်အမင်းဆင်းရဲသူများအဖြစ် ကုလသမဂ္ဂက သတ်မှတ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပါကစ္စတန်၌ ခရီးသည်တင်ဘတ်စကား အိန္ဒုမြစ်အတွင်းထိုးကျမှုကြောင့် ၁၄ ဦးသေဆုံး

အစ္စလာမ်မာဘတ် နိုဝင်ဘာ ၁၃

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း၌ ခရီးသည် ၂၇ ဦးလိုက်ပါလာသည့် ခရီးသည်တင်ဘတ်စကားတစ်စီး နိုဝင်ဘာ ၁၂ ရက်တွင် အိန္ဒုမြစ်အတွင်းထိုးကျခဲ့ရာလူပေါင်း ၁၄ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် ပါကစ္စတန်မြောက်ပိုင်း ဂီလ်ဂျစ်ဘယ်လ်တစ္စတန်ဒေသ အိန္ဒုမြစ်ကူးတံတားတစ်စင်းပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မော်တော်ယာဉ်ကို အရှိန်ပြင်းစွာ မောင်းနှင်စဉ် ယာဉ်မောင်းအနေဖြင့် ယာဉ်ကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ခြင်းကြောင့် အိန္ဒုမြစ်အတွင်းသို့ မော်တော်ယာဉ်ထိုးကျခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုအတွင်း လိုက်ပါသွားသူ ၂၇ ဦးအနက် ၁၄ ဦးသေဆုံး၍ ၁၂ ဦးပျောက်ဆုံးနေပြီး တစ်ဦးအသက်ရှင်လွတ်မြောက်ခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ၌ ကားလမ်းများဆိုးရွားခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဖောက်ဖျက်မှုများကြောင့် လူအသေအပျောက်များသော ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်သည်။

ယခုနှစ် ဩဂုတ်လကလည်း ပါကစ္စတန်အရှေ့မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသများ၌ ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကြောင့် အနည်းဆုံးလူ ၃၄ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO



## ရုရှားနှင့်ရယူထားသည့်ကာကွယ်ရေးစာချုပ် မြောက်ကိုရီးယားနိုင်ငံအတည်ပြု



ပြုံယမ်း နိုဝင်ဘာ ၁၃

ရုရှားနိုင်ငံနှင့် ရယူထားသောနှစ်နိုင်ငံကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို မြောက်ကိုရီးယားနိုင်ငံက နိုဝင်ဘာ ၁၁ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရသတင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး စာချုပ်အမည်ရှိ အဆိုပါကာကွယ်ရေးစာချုပ်ကို မြောက်ကိုရီးယားနိုင်ငံတော်ရေးရာကော်မရှင် ဥက္ကဋ္ဌက နိုဝင်ဘာ ၁၁ ရက်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် အတည်ပြုချက်ပေးခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံတော်ရေးရာကော်မရှင်ဥက္ကဋ္ဌရာထူးကို လက်ရှိခေါင်းဆောင်ကင်ဂျုံအန်က ရယူထားသည့်ရာထူးဖြစ်သည်။

ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး စာချုပ်အရ ရုရှားနှင့် မြောက်ကိုရီးယားတို့သည် တစ်နိုင်ငံစစ်ရေးအရ တိုက်ခိုက်ခံခဲ့ရပါကတစ်နိုင်ငံက စစ်ရေးအကူအညီများပေးအပ်ခွင့်ရှိသည်။

အဆိုပါစာချုပ်ကို ရုရှားနိုင်ငံက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းအတည်ပြုခဲ့ပြီးဖြစ်သည်။

နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး စာချုပ်ကို ရုရှားသမ္မတပူတင်နှင့်မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်တို့က ယခုနှစ်ဇူလိုင်လအတွင်း လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## လုဖ်သန်ဆာလေကြောင်းလိုင်းခရီးသည်တင်လေယာဉ် လေစီးကြောင်းအတက်အကျပြင်းထန်မှုနှင့်ရင်ဆိုင်ခဲ့ရ

ဘာလင် နိုဝင်ဘာ ၁၃

ဂျာမနီနိုင်ငံ အခြေစိုက် လုဖ်သန်ဆာလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည်နိုဝင်ဘာ ၁၂ ရက်တွင် လေစီးကြောင်း အတက်အကျရုတ်တရက်ပြင်းထန်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ဘိုးအင်း ၇၄၇-၈ အမျိုးအစားဝင်းခရီးသည်တင်လေယာဉ်သည် အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရိစ်မြို့မှ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့သို့ ပျံသန်းနေစဉ် လေစီးကြောင်း အတက်အကျရုတ်တရက်ပြင်းထန်မှုနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။




လေယာဉ်ပျံသန်းနေစဉ်အတွင်း လေစီးကြောင်း အတက်အကျပြင်းထန်ခဲ့မှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည်ငါးဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦးတို့ဒဏ်ရာများရခဲ့ကြောင်း လုဖ်သန်ဆာလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် လေစီးကြောင်းအတက်အကျပြင်းထန်မှုနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ဖရန့်ဖတ်လေဆိပ်၌ ဘေးကင်းလုံခြုံစွာဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပျံသန်းနေစဉ် လေစီးကြောင်းအတက်အကျပြင်းထန်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ယခုနှစ် မေလကလည်း စင်ကာပူလေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်တစ်စင်း ပျံသန်းနေစဉ် လေစီးကြောင်း အတက်အကျပြင်းထန်မှုကြောင့် ခရီးသည်တစ်ဦးသေဆုံး၍ ဦးရေ ၃၀ကျော်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ၂၀၂၅ ခုနှစ်အတွင်း ခရီးသည်တင် လေယာဉ်အစင်း ၅၀ ဝယ်ယူရန် လေယာဉ်ထုတ်လုပ်ရေးအဆိုပြုချက်များ ဗီယက်နမ်လေကြောင်းလိုင်း တောင်းခံမည်

ဟနွိုင်း နိုဝင်ဘာ ၁၃

ဗီယက်နမ်လေကြောင်းလိုင်းသည် ကိုယ်ထည်ကျဉ်း ခရီးသည်တင်ဂျက်လေယာဉ်အစင်း ၅၀ ဝယ်ယူမည်ဖြစ်ရာ လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများ၏ ရောင်းချရေးအဆိုပြုချက်များကို ၂၀၂၅ ခုနှစ်အတွင်း တောင်းခံမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ဗီယက်နမ်လေကြောင်းလိုင်းသည် ၂၀၂၃ ခုနှစ်အတွင်း ဘိုးအင်း ၇၃၇မက်စ်အမျိုးအစား ခရီးသည်တင်လေယာဉ်အစင်း ၅၀ ဝယ်ယူရေးအတွက် ပဏာမသဘောတူညီချက်တစ်ရပ်သာ ရယူထားပြီး အပြီးသတ် သဘောတူညီချက် ရယူထားခြင်း မရှိသေးကြောင်း သိရသည်။

မိမိတို့အနေဖြင့်ကိုယ်ထည်ကျဉ်း ခရီးသည်တင်လေယာဉ် အစင်း ၅၀ဝယ်ယူရာတွင်လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီအားလုံးအတွက် တံခါးဖွင့်ပေးထားမည်ဖြစ်ကြောင်း ဗီယက်နမ်လေကြောင်းလိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဗီယက်နမ်လေကြောင်းလိုင်း အနေဖြင့် နိုင်ငံတကာလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများ၏ ကိုယ်ထည်ကျဉ်း ခရီးသည်တင် လေယာဉ်များရောင်းချရေးအဆိုပြုချက်များကို လာမည့်နှစ်တွင် တောင်းခံမည်ဖြစ်သည်။

ဗီယက်နမ်လေကြောင်းလိုင်းအနေဖြင့် ၂၀၃၅ ခုနှစ်တွင် ခရီးသည်တင် လေယာဉ်သစ်အစင်း ၁၇၀ ထိ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၄ စင်းကို လွှတ်တင်ခဲ့




**ဝါရှင်တန် နိုဝင်ဘာ ၁၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် နိုဝင်ဘာ ၁၂ ရက်တွင် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၄ စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ်ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မူလက အဆိုပါ စတားလင့်ခ် ဂြိုဟ်တုများကို နိုဝင်ဘာ ၁၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် တစ်ရက် နောက်ဆုတ်၍ နိုဝင်ဘာ ၁၂ ရက်မှသာ လွှတ်တင်ခဲ့ရခြင်းဖြစ်သည်။

လွှတ်တင်ပြီး မိနစ် ၆၀ ကျော်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ယူသွားသည့် စတားလင့်ခ်ဂြိုဟ်တုသစ်များကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သည်။

နိုဝင်ဘာ ၁၂ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၀၈ ကြိမ်မြောက်မစ်ရှင်ဖြစ်သည်။

Space-X အာကာသ နည်းပညာကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ထားပြီးဖြစ်သော မစ်ရှင်စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်မှာ စတားလင့်ခ်မစ်ရှင်များ ဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## 29/P ရောမကြယ်တံခွန်ကြီးက နှစ်ရက်အတွင်း လေးကြိမ်ထိ ပေါက်ကွဲခဲ့ပြီး ကြယ်တံခွန်၏အလင်းအားလည်း မြင့်တက်လာခဲ့ရ

**ဝါရှင်တန် နိုဝင်ဘာ ၁၃**

29/P Schwassmann-Wachmann အမည်ရှိ ရောမကြယ်တံခွန်ကြီးသည် နှစ်ရက်အတွင်း လေးကြိမ်ထိ ပေါက်ကွဲခဲ့ပြီး ကြယ်တံခွန်၏ အလင်းအားလည်း မြင့်တက်လာခဲ့ရကြောင်း နိုဝင်ဘာ ၁၂ ရက်သတင်းများအရ သိရသည်။

အဆိုပါ ပေါက်ကွဲမှုများသည် ရေခဲမီးတောင် ကြယ်တံခွန်အမျိုးအစားဖြစ်သည့် 29/P ကြယ်တံခွန်အတွက် သုံးနှစ်ကျော်ကြာကာလအတွင်း အပြင်းထန်ဆုံးပေါက်ကွဲမှုများဖြစ်ခဲ့ရသည်။

နှစ်ရက်အတွင်း ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုများကြောင့် မြို့တော်ကြီးတစ်မြို့စာ အရွယ်အစားရှိသော 29/P ကြယ်တံခွန်၏ အလင်းအားမှာ ပုံမှန်ထက်အဆ ၃၀၀ ကျော် ပို၍မြင့်တက်လာခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သိပ္ပံပညာရှင်များက ပြောကြားသည်။

29/P ကြယ်တံခွန်သည် အရွယ်အစားအားဖြင့် အချင်း ၃၇ မိုင်ခန့်ရှိပြီး နေအဖွဲ့အစည်းအတွင်းပိုင်းတွင်သာ နေရာယူထားကြသော စင်တော် ကြယ်တံခွန်များခေါ် ကြယ်တံခွန်အစင်း ၅၀၀ ခန့်တွင် ပါဝင်သည်။



29/P ကြယ်တံခွန်သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံး တစ်ကြိမ် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး နေကို ၁၅ နှစ်လျှင်တစ်ကြိမ်ကျ လှည့်ပတ်နေသော ကြယ်တံခွန်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ဂြိုဟ်တု ၁၅ စင်းကို CAS Space ကုမ္ပဏီ လွှတ်တင်

**ပေကျင်း နိုဝင်ဘာ ၁၃**

တရုတ်နိုင်ငံအခြေစိုက် ပုဂ္ဂလိကအာကာသကုမ္ပဏီတစ်ခုဖြစ်သည့် CAS Space ကုမ္ပဏီသည် နိုဝင်ဘာ ၁၁ ရက်တွင် ဂြိုဟ်တု ၁၅ စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။



CAS Space ကုမ္ပဏီသည် အဆိုပါဂြိုဟ်တု ၁၅ စင်းကို Kine-tica-1 အမည်ရှိ ဒုံးပျံဖြင့် ဂိုဘီသဲကန္တာရဒေသ ချိုကွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

CAS Space ကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ဂြိုဟ်တုများထဲတွင် ပထမဆုံးပြည်ပဖောက်သည်အဖြစ် အိုမန်နိုင်ငံ၏ ဂြိုဟ်တုတစ်စင်းလည်း ပါဝင်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၁ ရက် မစ်ရှင်သည် Kinetica-1 ဒုံးပျံ၏ ပဉ္စမမြောက်မစ်ရှင်ဖြစ်ပြီး CAS Space ကုမ္ပဏီသည် အကြိမ်ကြိမ် ပြန်လည်လွှတ်တင်နိုင်သည့် Kinetica-2 ဒုံးပျံသစ်ကိုလည်း တည်ဆောက်နေသည်။

အဆိုပါဒုံးပျံသစ်ကို တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ တီယန်ကောင်း အာကာသစခန်းထောက်ပို့ မစ်ရှင်များအတွက် ၂၀၂၅ ခုနှစ်တွင် စတင်အသုံးပြုနိုင်ရန် CAS Space ကုမ္ပဏီကရည်ရွယ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ပုံစံ-၂ ဆီးချိုနှင့်ကျောက်ကပ်ရောဂါရှိသူများ နှလုံးကျန်းမာရေးပြဿနာဖြင့် ရင်ဆိုင်ရနိုင်

**နယူးယောက် နိုဝင်ဘာ ၁၃**

ပုံစံ-၂ ဆီးချိုရောဂါနှင့် နာတာရှည် ကျောက်ကပ်ရောဂါနှစ်မျိုးစလုံး ခံစားနေကြရသူ လူနာများ နောက်ပိုင်းတွင် နှလုံးကျန်းမာရေးပြဿနာဖြင့် ရင်ဆိုင်ရနိုင်ကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပုံစံ-၂ ဆီးချိုနှင့် ကျောက်ကပ်ရောဂါ နှစ်မျိုးစလုံးရှိသူများသည် ၎င်းရောဂါနှစ်မျိုးလုံးမရှိသူများနှင့် နှိုင်းယှဉ်ပါက အချိန်ကာလပိုစော၍ နှလုံးကျန်းမာရေးပြဿနာများဖြင့် ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

မိမိတို့၏ တွေ့ရှိချက်အရ ပုံစံ-၂ ဆီးချိုနှင့်နာတာရှည် ကျောက်ကပ်ရောဂါနှစ်မျိုးလုံး ခံစားနေရမှုသည် နောင်တစ်ချိန်တွင် နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်မှု၏ နောက်ခံအကြောင်းတရားဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုရောဂါသို့မဟုတ် နာတာရှည်ကျောက်ကပ်ရောဂါ သို့မဟုတ် ၎င်းရောဂါနှစ်မျိုးစလုံးခံစားနေရသူ လူနာများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နာတာရှည်ကျောက်ကပ်ရောဂါနှင့် ပုံစံ-၂ ဆီးချိုရောဂါ နှစ်မျိုးလုံးခံစားနေကြရသူများသည် ၎င်းရောဂါမရှိသူများနှင့်နှိုင်းယှဉ်ပါက အချိန်ကာလအရ ၂၈ နှစ်ပိုစော၍ နှလုံးကျန်းမာရေးပြဿနာများဖြင့် ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## လေဖြတ်လူနာများ နှလုံးဖောက်နိုင်ခြေကို Ozempic ထိုးဆေးက လျှော့ချပေးနိုင်

**နယူးယောက် နိုဝင်ဘာ ၁၃**

ကိုယ်အလေးချိန်လျှော့ချရေးဆေးတစ်မျိုးဖြစ်သော Ozempic ထိုးဆေးသည် လေဖြတ်ထားသည့် လူနာများ၌ နှလုံးရုတ်တရက် ဖောက်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း နိုဝင်ဘာ ၁၂ ရက်သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ GLP-1 အုပ်စုဝင်ဆေးအမျိုးအစားဖြစ်သော Ozempic သည် လေဖြတ်ပြီးနောက်ပိုင်း သုံးနှစ်တာကာလအတွင်း နှလုံးရုတ်တရက် ဖောက်နိုင်ခြေကို ၈၄ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် GLP-1 အုပ်စုဝင်ဆေးများသည် လေဖြတ်လူနာများ လေဖြတ်ပြီးနောက်ပိုင်း အသက်ဆုံးပါးနိုင်ခြေကိုလည်း ၇၄ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

လေဖြတ်ဖူးသည့်လူနာ လေးပုံတစ်ပုံသည် နောက်တစ်ကြိမ် လေဖြတ်နိုင်ခြေမြင့်မားမှု၊ နှလုံးရုတ်တရက် ဖောက်နိုင်ခြေမြင့်မားမှုတို့ဖြင့် ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ GLP-1 အုပ်စုဝင်ဆေးများအပြင် Jardiance နှင့် Rarxiga ကဲ့သို့ SGLT-2 အုပ်စုဝင်ဆေးများသည်လည်း လေဖြတ်လူနာများ၏ကျန်းမာရေးကို အကျိုးပြုနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရွယ်ရောက် လေဖြတ်လူနာ ၇၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# ရိုးမားအသင်းက နည်းပြရာနီရေးရီကို နည်းပြသစ်ခန့်အပ်ရန် ဆွေးနွေးမှုပြုလုပ်

ရောမ နိုဝင်ဘာ ၁၃

ရိုးမားအသင်းသည် မကြာသေးမီက နည်းပြဘဝမှ အနားယူခဲ့သည့် အသက် ၇၃ နှစ်ရှိ နည်းပြရာနီရေးရီကို နည်းပြခန့်အပ်နိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရိုးမားအသင်းသည် ပြီးခဲ့သည့် စက်တင်ဘာလက နည်းပြဒီရော့ဆီကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ခရိုအေးရှားနည်းပြ ဂျူရစ်ကို နည်းပြသစ်ခန့်အပ်ခဲ့သော်လည်း ၎င်းသည် ပြိုင်ပွဲစုံ လေးပွဲသာအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ အသင်းကို ပုံမှန်ခြေစွမ်းပိုင်းရရှိအောင် တည်ဆောက်နိုင်ခြင်းမရှိသဖြင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အသင်းတာဝန်ရှိသူများက ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ရိုးမားအသင်း တာဝန်ရှိသူများအနေဖြင့် ကနဦးနည်းပြလမ်းပတ်ကိုခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းအနေဖြင့် ချန်ပီယံရှစ်ကလပ် ကိုဗင်ထရီအသင်းကို တာဝန်ယူရန် ဆုံးဖြတ်ခဲ့သောကြောင့် ဆော်ဒီအာရေဗျအသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြမန်စီနီကို ခန့်အပ်ရန် ထပ်မံကြိုးပမ်းခဲ့ရာ အဆင်မပြေမှုများ ရှိနေသဖြင့် နည်းပြဘဝမှ အနားယူထားသည့် နည်းပြဟောင်း ရာနီရေးရီကိုသာ ခန့်အပ်ရန်ဆုံးဖြတ်ခဲ့သည်။

ရာနီရေးရီသည် ရိုးမားအသင်းကို ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ နှစ်နှစ်တာဝန်ယူခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်တွင် ကာလတိုပြန်လည်တာဝန်ယူခဲ့ကာ အသင်းနှင့် နှစ်ကြိမ်ထိ လက်တွဲခဲ့ဖူးသည့်အတွက် အသင်းတာဝန်ရှိသူများက ကာလတိုတာဝန်ယူပေးရန် ဆွေးနွေးမှုပြုလုပ်နေပြီး လာမည့် နိုဝင်ဘာ ၂၄ ရက်တွင်ကစားရမည့် နာပိုလီအသင်းနှင့် အမှတ်ပေးပွဲမတိုင်မီ ခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

နည်းပြရာနီရေးရီသည် ၎င်း၏ နည်းပြဘဝ ၃၇ နှစ်တာကာလတွင် ဥရောပထိပ်သီးကလပ် အသင်းများစွာကို တာဝန်ယူခဲ့သော်လည်း ပရီးမီးယားလိဂ်ကလပ် လက်စတာအသင်းကို တာဝန်ယူခဲ့စဉ်က အမှတ်ပေးဆုဖလားရယူပေးနိုင်ခဲ့ပြီး နည်းပြဘဝအောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML



## အားကစားသတင်းအတိုအထွာများ

- အသင်းဖော်ကစားသမား တိုက်စစ်မှူး ဆွန်ဟောင်မင်ကို လူမျိုးရေးခွဲခြားမှုပြုလုပ်ခဲ့သည့် ကွင်းလယ်ကစားသမား ဘန်တန်ကာကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ခုနစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် တိုက်စစ်မှူး အန်ဆုဖာတီ ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် ရက်သတ္တ လေးပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- မန်ယူအသင်းမှ ခံစစ်ကစားသမား မာလာစီယာသည် ဒဏ်ရာကြောင့် ၁၇ လကြာအနားယူခဲ့ရပြီးနောက် အသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်ခဲ့ကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသေးသည့် တိုက်စစ်မှူး ထရိုဆာ့ဒ်ကို သက်တမ်းတိုး စာချုပ်ထပ်မံချုပ်ဆိုရန် စီစဉ်နေကြောင်း သိရသည်။ ML

# ဆမ်ဂွတ်မန်းက ဘင်တန်ဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံ နာအိုယာကို စိန်ခေါ်




တိုကျို နိုဝင်ဘာ ၁၃

ဘင်တန်ဝိတ်တန်း၏ ကမ္ဘာ့ပြိုင်ဘက်ကင်းချန်ပီယံ ဂျပန်လက်ဝှေ့သမား နာအိုယာထံမှ ပြိုင်ဘက်ကင်းချန်ပီယံဆုကိုရယူလိုသည့်အတွက် နာအိုယာနှင့် ထိုးသတ်ရန် စိန်ခေါ်ထားကြောင်း ဩစတြေးလျ လက်ဝှေ့သမား ဆမ်ဂွတ်မန်းက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဆမ်ဂွတ်မန်းသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားဖြစ်ပြီး စိန်ခေါ်ပွဲပေါင်း ၁၉ ပွဲထိ ထိုးသတ်ထားပြီး လက်ရှိပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရပ်တည်နေသည့် နာအိုယာသည် စိန်ခေါ်ပွဲပေါင်း ၂၈ ပွဲထိုးသတ်ထားကာ ရှုံးပွဲမရှိသေးဘဲ ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ကာလရှည် ရပ်တည်နေသူဖြစ်သည်။

အတွေ့အကြုံပိုင်းနှင့် အောင်မြင်မှုပိုင်း ကွာဟမှုရှိနေသည့်အတွက် ဆမ်ဂွတ်မန်းအနေဖြင့် နာအိုယာကို စိန်ခေါ်ထားခြင်းမှာ စွန့်စားရာရောက်ကြောင်းလက်ဝှေ့ကျွမ်းကျင်သုံးသပ်သူများက သုံးသပ်ထားကြောင်း သိရသည်။

ဆမ်ဂွတ်မန်းသည် နာအိုယာကိုစိန်ခေါ်ထားခြင်းမှာ ၎င်းဘဝအတွက် အကြီးမားဆုံးသောစိန်ခေါ်မှုကို ရင်ဆိုင်လိုသောကြောင့် စိန်ခေါ်ခဲ့ခြင်းဖြစ်ပြီး ရှုံးနိမ့်ရန် ရာခိုင်နှုန်းများသော်လည်း နာအိုယာဘက်ကသာစိန်ခေါ်မှုကိုလက်ခံခဲ့ပါက အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်နိုင်အောင် ပြင်ဆင်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ဆမ်ဂွတ်မန်းက "ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လိုကြိုးဝိုင်းမျိုးမဆို လက်ဝှေ့သမားတိုင်း အေးဆေးနေတာမျိုးမရှိဘူး။ ကြိုးဝိုင်းတိုင်းက လက်ဝှေ့သမားတိုင်းအတွက် ခက်ခဲမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ ကျွန်တော့်အနေနဲ့ ခက်ခဲတဲ့စိန်ခေါ်ပွဲတွေကို ထိုးသတ်ခဲ့ဖူးတယ်။ ဒါပေမဲ့ နာအိုယာနဲ့သာ ထိုးသတ်ခွင့်ရမယ်ဆိုရင် ကျွန်တော့်ကစားသမားဘဝအတွက် အခက်အခဲဆုံးပွဲစဉ်ဖြစ်လာလိမ့်မယ်။ နာအိုယာဟာ ဘင်တန်ဝိတ်တန်းမှာပြိုင်ဘက်ကင်းချန်ပီယံ တစ်ယောက်ဖြစ်ပြီး သူ့ကိုအသာစီးနဲ့ ထိုးသတ်နိုင်တဲ့ ပြိုင်ဘက်မျိုး မရှိသေးပါဘူး။ ကျွန်တော်ရှုံးဖို့ ရာခိုင်နှုန်းများတယ်ဆိုတာ နားလည်ပါတယ်။ သူ့ဘက်ကသာ လက်ခံမယ်ဆိုရင် သူ့အတွက် ငြီးငွေ့စရာစိန်ခေါ်ပွဲ မဖြစ်စေရဘူးလို့ ကျွန်တော်အာမခံပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# အသက်အကြီးဆုံးတိုက်စစ်မှူး ဂျပန်ကစားသမား မီအူရာ အသင်းနှင့် နောက်တစ်ရာသီကစားရန်ဆုံးဖြတ်

တိုကျို နိုဝင်ဘာ ၁၃

ဘောလုံးလောကတွင် အသက်အကြီးဆုံး တိုက်စစ်မှူးတစ်ဦးဖြစ်သည့် အသက် ၅၈ နှစ်ရှိ တိုက်စစ်မှူး မီအူရာသည် ဂျပန်စတုတ္ထတန်းကလပ် ဆူဇူကာအသင်းနှင့် အကြိမ် ၄၀ မြောက်ဘောလုံးရာသီကို ထပ်မံကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မီအူရာသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အသက် ၅၈ နှစ်ပြည့်မြောက်မည်ဖြစ်သော်လည်း ၎င်းအနေဖြင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခြင်းမရှိသေးဘဲ အကြိမ် ၄၀ မြောက်ဘောလုံးရာသီကို ဆူဇူကာအသင်းနှင့်ထပ်မံကစားရန် ဆုံးဖြတ်ခဲ့သောကြောင့် ဘောလုံးလောက၌ မှတ်တမ်းကောင်းများ ထပ်မံရရှိမည်ဖြစ်သည်။

ဂျပန်ဂန္ထဝင် ကစားသမား "King Kazu"ခေါ် မီအူရာနှင့် ခေတ်ပြိုင် ကစားသမားများမှာ ကစားသမားဘဝမှ အနားယူခဲ့သည်မှာ ဆယ်စုနှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ၎င်းအနေဖြင့် အနားယူခြင်းမရှိသေးဘဲ ဆူဇူကာအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ခွဲ ကျန်ရှိနေသောကြောင့် နောက်ထပ်တစ်ရာသီ ထပ်မံကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၁၉၈၆ ခုနှစ် ကဘာရာဇီးကလပ်ဆန်းတို့စ်အသင်းနှင့် စတင်ခဲ့ပြီးနောက် အီတလီကလပ်၊ ခရိုအေးရှားကလပ်၊ ဩစတြေးလျကလပ်၊ ပေါ်တူဂီကလပ်များတွင် ကျင်လည်ခဲ့ပြီးနောက် ဂျပန်ကလပ်အသင်းများတွင် ဆက်လက်ကစားခဲ့ပြီး နိုင်ငံလက်ရွေးစင် ဂျပန်အသင်းအတွက် ၁၉၉၀ တွင် စတင်ပါဝင်ကစားခွင့်ရခဲ့ကာ ပြိုင်ပွဲစုံ ၈၉ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၅၅ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# လီဗာပူးအသင်းက ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား အန်ဒိုကို ရောင်းချရန် စီစဉ်

လန်ဒန် နိုဝင်ဘာ ၁၃

လီဗာပူးအသင်း နည်းပြစလော့က ကွင်းလယ်ပိုင်းတွင် ပွဲကစားခွင့်မပေးနိုင်သည့် အန်ဒိုကိုဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြန်လည်ရောင်းချရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ ကွင်းလယ်ကစားသမား အန်ဒိုသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလက လီဗာပူးအသင်းသို့ ရောက်ရှိခဲ့သော်လည်း နည်းပြကလော့ပ်လက်အောက်တွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရကာ ဒဏ်ရာရကစားသမားများပြားလာချိန်၌ ကွင်းလယ်ပိုင်းကိုဖြည့်ဆည်းပေးနိုင်သည့်အတွက် အသင်းအနေဖြင့် ဆက်လက်လက်တွဲခဲ့သော်လည်း နည်းပြသစ်စလော့က ၎င်းကို ပွဲကစားခွင့် မပေးနိုင်သောကြောင့် အသင်းဘဏ္ဍာငွေ တိုးတက်ရေးအတွက် ပြန်လည်ရောင်းချမည်ဖြစ်သည်။

အန်ဒိုသည် နည်းပြစလော့လက်အောက်တွင် ပြိုင်ပွဲစုံနှစ်ပွဲသာ ပါဝင်ခွင့်ရခဲ့ပြီး ပရီးမီးယားလိဂ်နှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတို့တွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်း စုစုပေါင်း ပွဲကစားချိန် မိနစ် ၂၀ သာရှိခဲ့ကာ ကွင်းလယ်ကစားသမား ဂရာဘန်ဘာ့ချ်နောက်တွင်သာ လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ရသည်။



ကွင်းလယ်ကစားသမား အန်ဒိုသည် ဖရန့်ဖတ်အသင်းတွင် ပုံစံကောင်း ပြသနိုင်ခဲ့သော်လည်း လီဗာပူးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက်ပွဲကစားခွင့်ပျောက်ဆုံးခဲ့ပြီး ပြိုင်ပွဲစုံ ၅၁ ပွဲတွင် သွင်းဂိုး နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

လက်ရှိတွင် လီဗာပူးအသင်းသည် အန်ဒိုကို ရောင်းချကာ အသင်းကွင်းလယ်ပိုင်းကို ထပ်မံဖြည့်တင်းရန် ကြိုးပမ်းနေသကဲ့သို့ ဆိုစီဒက်အသင်းမှ ကွင်းလယ်ကစားသမား ဇူဘီမန်ဒီကို အာဆင်နယ်အသင်း၊ မန်စီးတီးအသင်းတို့နှင့် အပြိုင်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : LiverpoolFC
Trs : ML

# ၂၁ ရာစု အမေရိကန် အင်ဒို-ပစိဖိတ်မဟာဗျူဟာနှင့် မြန်မာနိုင်ငံအနေအထား

မင်းသစ်ဆွေ(သုတေသန)

**နိဒါန်း**

အင်ဒို-ပစိဖိတ်ဒေသသည် စီးပွားရေးနှင့် နိုင်ငံရေးအရ မဟာဗျူဟာမြောက် အလွန်အရေးပါသောဒေသတစ်ခုဖြစ်လာသည်။ အင်ဒို-ပစိဖိတ်ဒေသတွင် စီးပွားရေးအရသာမက စစ်ရေးအရပါ တရုတ်နိုင်ငံ၏အင်အားကြီးထွားလာမှုသည် ကမ္ဘာကြီးက ၎င်းဒေသအပေါ် အသစ်တစ်ဖန် ပြန်လည်အာရုံစိုက်မှုကိုဖြစ်စေသည့် အဓိကအကြောင်းရင်းပင်ဖြစ်သည်။ အမေရိကန် အင်ဒို-ပစိဖိတ်မဟာဗျူဟာ(Indo-Pacific Strategy)၏ အဓိကရည်မှန်းချက်တစ်ခုမှာ ဒေသတွင်းတရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုကို တန်ပြန်ရန်ပင်ဖြစ်သည်။ အမေရိကန် အင်ဒို-ပစိဖိတ်မဟာဗျူဟာချဉ်းကပ်မှုတွင် အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒ(Act East)၊ ဂျပန်နိုင်ငံ၏ လွတ်လပ်၍ ပွင့်လင်းသောအင်ဒို-ပစိဖိတ်အယူအဆ(Free and Open Indo-Pacific concept)၊ ဩစတြေးလျနိုင်ငံ၏ အင်ဒို-ပစိဖိတ်အယူအဆ(Indo-Pacific concept)၊ တောင်ကိုရီးယားနိုင်ငံ၏ တောင်ပိုင်းဆိုင်ရာမူဝါဒသစ်(New Southern policy)နှင့်တရုတ်(ထိုင်ပေ)၏ တောင်ပိုင်းပေါင်းစည်းမှုမူဝါဒသစ်(New Southbound Policy)များနှင့် နီးကပ်စွာ ထိန်းညှိလုပ်ဆောင်လျက်ရှိသည်။ စီးပွားရေးအရ အပြန်အလှန်မှီခိုမှုနှင့် မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုတို့နှင့်အတူ အပြိုင်အဆိုင်စည်းမျဉ်းစည်းကမ်းချမှတ်မှုများသည် လာမည့် ဆယ်စုနှစ်အနည်းငယ်ထိ ဆက်ရှိနေဦးမည်ဖြစ်သည်။ ကမ္ဘာ့မဟာအင်အားကြီး(Super Power) ပြိုင်ဆိုင်မှုအနေအထားတွင် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဒေသတွင်းရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များနှင့် တည်ငြိမ်တိုးတက်ရေးမဟာဗျူဟာတို့ကို မည်ကဲ့သို့ရှေ့ဆက်အကောင်အထည်ဖော်မည်ဆိုသည့်အချက်မှာ စိတ်ဝင်စားဖွယ်ဖြစ်လာသည်။

**အင်ဒို-ပစိဖိတ်မဟာဗျူဟာ ပေါ်ပေါက်လာပုံ**

အင်ဒို-ပစိဖိတ်မဟာဗျူဟာ (Indo-Pacific Strategy)ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ပထမသမ္မတသက်တမ်း ၂၀၁၇ ခုနှစ် နိုဝင်ဘာလ အာရှခရီးစဉ်အတွင်း ပထမဆုံးတရားဝင်ကြေညာခဲ့ပြီး ၎င်းမဟာဗျူဟာသည် အဓိကမဏ္ဍိုင်လေးနိုင်ငံဖြစ်သည့် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနှင့် အိန္ဒိယတို့က ချမှတ်အကောင်အထည်ဖော်နေသည့် ဆန်းသစ်သော ရေကြောင်းဆိုင်ရာမဟာဗျူဟာဖြစ်သည်။ ၎င်းမဟာဗျူဟာသည် အင်ဒို-ပစိဖိတ်ဒေသတွင်းနိုင်ငံများနှင့်အတူ စီးပွားရေးပေါင်းစည်းမှုနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို အဓိကရည်ညွှန်းသည့် အချက်နှစ်ချက်ဖြင့် ဖွဲ့စည်းထားသည်။ ဒေသတွင်းနိုင်ငံများအတွက် လုံလောက်သောဘဏ္ဍာရေးကတိကဝတ်များဖြင့် ခိုင်မာသောရွေးချယ်စရာအစီအစဉ်များကို ပေးအပ်ရန်၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်လမ်းမကြီးစီမံကိန်း (Belt and Road Initiative-BRI)၏တိုးတက်မှုကို ဟန့်တားရန်၊ အမေရိကန်မိတ်ဖက်ဆက်ဆံရေးကွန်ရက်ကို ပေါင်းစည်းတိုးချဲ့ရန်၊ ဒေသတွင်း အမေရိကန်နိုင်ငံ၏ဂုဏ်သိက္ခာကိုထိန်းသိမ်းရန်နှင့် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတစ်လျှောက်ရှိ နိုင်ငံများနှင့် တရုတ်တို့၏ ဆက်ဆံရေးကြီးထွားလာမှုကို ကျဆင်းစေရန် ရည်ရွယ်သည်။

အင်ဒို-ပစိဖိတ်(Indo-Pacific) ဟူသော စကားလုံးကို မဟာဗျူဟာမြောက်အမြင်ဖြင့် စတင်သုံးစွဲမှုသည် ၂၀၀၇ ခုနှစ်ကဖြစ်သည်ဟု နိုင်ငံရေးသုတေသီတချို့က ဆိုသည်။ ပထမဆုံးသုံးစွဲခဲ့သူမှာ အိန္ဒိယနိုင်ငံပညာရှင်အစုအဖွဲ့တစ်ခုဖြစ်သော National Maritime Foundation(NMF)၏ အမှုဆောင်ဒါရိုက်တာ အိန္ဒိယရေတပ်ဗိုလ်မှူးကြီး Gurpreet Khurana ဆိုသူဖြစ်သည်။ ဤအသုံးအနှုန်းကို ၎င်း၏ မဟာဗျူဟာလေ့လာသုံးသပ်ချက် သုတေသနဆောင်းပါးဖြစ်သော Security of Sea Lines: Prospects for India-Japan Cooperation တွင် ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။ အဆိုပါဆောင်းပါးတွင် Khurana က အင်ဒို-ပစိဖိတ်(Indo-Pacific)ဟူသော စကားလုံးသစ်ကို ဖော်ပြခဲ့ရုံသာမက အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာတို့၏ အရေးပါလာသော ပထဝီနိုင်ငံရေးသဘောတရား အမြင်တစ်ရပ်ကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။ အင်ဒို-ပစိဖိတ်ဒေသ၏ အရေးပါသောစစ်ရေးအမြင်တစ်ခုမှာ ဒေသတွင်း တရုတ်နိုင်ငံ၏ဩဇာလွှမ်းမိုးမှုကို တန်ပြန်ရန်ဖြစ်သည်။ မဟာဗျူဟာပညာရှင်များ အစောပိုင်းသုံးနှုန်းခဲ့သည့်စကားလုံးမှာ အာရှ-ပစိဖိတ်(Asia-Pacific) ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာအပေါ် ကမ္ဘာက အာရုံစိုက်မှုကြီးမားလာပြီးနောက်ပိုင်း အင်ဒို-အာရှ-ပစိဖိတ် (Indo-Asia-Pacific)ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး ထိုမှတစ်ဆင့် အင်ဒို-ပစိဖိတ်(Indo-Pacific)ဟု ဖြစ်လာခဲ့သည်။

> **❖အမေရိကန်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ အင်ဒို-ပစိဖိတ်ဒေသသည် စစ်ရေး၊ စီးပွားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးများ အရှိန်ပြင်းစွာတိုးတက်နေသောဒေသဖြစ်သည်နှင့်အညီ အမေရိကန်နိုင်ငံ၏ အနာဂတ်အမျိုးသားအကျိုးစီးပွား၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့တွင် မဟာဗျူဟာမြောက်အရေးပါသည့်ဒေသဖြစ်သည်။ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်လုပ်ဆောင်ခဲ့သည်မှာ အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သာဖြစ်သည်။ ❖**

၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိကန်နိုင်ငံအနေဖြင့် အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ဥပဒေပြဋ္ဌာန်းနိုင်ခဲ့ပြီး အင်ဒို-ပစိဖိတ်ဒေသ၌ စစ်ရေးအင်အားအသုံးပြုခြင်းကို တရားဝင်စတင်နိုင်ခဲ့သည်။ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနှင့် အိန္ဒိယ စသည့်လေးနိုင်ငံက အဓိကလုပ်ဆောင်လျက်ရှိကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တောင်ကိုရီးယားနှင့်အိန္ဒိယသမုဒ္ဒရာ ဒေသတွင်းနိုင်ငံအများစုကမူ လျစ်လျူရှုနေဆဲဖြစ်သည်။

ယနေ့အချိန်တွင် အင်ဒို-ပစိဖိတ်(Indo-Pacific) ဟူသောအသုံးအနှုန်းကို ဩစတြေးလျ၊ ဂျပန်နှင့် အမေရိကန်တို့၏ ကာကွယ်ရေးဆိုင်ရာစက္ကူဖြူစာတမ်းတွင် ကျယ်ကျယ်ပြန့်ပြန့်တွေ့လာရသည်။ Quad ဟုခေါ်သော အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနှင့် အိန္ဒိယ လေးနိုင်ငံပါဝင်သော လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲများ(Quadrilateral Dialogue) တွင် အင်ဒို-ပစိဖိတ်အယူအဆကို အဓိကထားဆွေးနွေးကြသည်။ အမေရိကန်နိုင်ငံသည် လွတ်လပ်စွာရေကြောင်းသွားလာမှုဆိုင်ရာ စစ်ဆင်ရေးများ (Freedom of Navigation Operation-FONOPs)ကို ဦးဆောင်လုပ်ကိုင်လျက်ရှိပြီး ဗြိတိန်နိုင်ငံသည် အဆိုပါ FONOPs တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဤအချက်က အင်ဒို-ပစိဖိတ်ဒေသတွင် လွှမ်းမိုးမှုရရှိနိုင်ရေး ၎င်းနိုင်ငံများ၏ အလေးထားမှုများကို အချက်ပြလိုက်ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ပစိဖိတ်စစ်ဌာနချုပ်(US Pacific Command-PACOM)ကို အမေရိကန် အင်ဒို-ပစိဖိတ်စစ်ဌာနချုပ်(US Indo-Pacific Command-INDOPACOM)အဖြစ် အမည်ပြောင်းလဲလိုက်ခြင်းသည် အင်ဒို-ပစိဖိတ်မဟာဗျူဟာ၏ နောက်ထပ်ရလဒ်တစ်ခုဖြစ်သည်။

**အမေရိကန်အတွက် မဟာဗျူဟာမြောက်အရေးပါမှု**

အမေရိကန်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသ အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ အင်ဒို-ပစိဖိတ်ဒေသသည် စစ်ရေး၊ စီးပွားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးများ အရှိန်ပြင်းစွာတိုးတက်နေသောဒေသဖြစ်သည်နှင့်အညီ အမေရိကန်နိုင်ငံ၏ အနာဂတ်အမျိုးသားအကျိုးစီးပွား၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့တွင် မဟာဗျူဟာမြောက်အရေးပါသည့်ဒေသဖြစ်သည်။ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ကျယ်ကျယ်ပြန့်ပြန့်တိုးမြှင့်လုပ်ဆောင်ခဲ့သည်မှာ အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သာဖြစ်သည်။ အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က အင်ဒို-ပစိဖိတ်မဟာဗျူဟာဆိုသည်မှာ အားလုံးပါဝင်နိုင်သော မဟာဗျူဟာတစ်ရပ်(An Exclusive Strategy) ဖြစ်ကြောင်းနှင့် ၎င်းမဟာဗျူဟာကို စစ်ရေးဆိုင်ရာဆောင်ရွက်မှုများတွင်သာ ကန့်သတ်မထားဘဲ သမုဒ္ဒရာကမ်းခြေတစ်လျှောက်ရှိ နိုင်ငံများ၏ စီးပွားရေးချဲ့ထွင်မှုကို ဝေမျှကြိုးပမ်းလုပ်ဆောင်ရာတွင် အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်ရန်အတွက်ဖြစ်သည်ဟုဆိုသည်။

အင်ဒို-ပစိဖိတ်ဒေသတွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ခန့်နေထိုင်ကြပြီး ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၆၀ ရာခိုင်နှုန်းခန့်ရှိသည်။ အင်ဒို-ပစိဖိတ်ဒေသနှင့် အမေရိကန်နိုင်ငံတို့ကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ နှစ်ထရီလီယံကျော်ထိရှိလာခဲ့ပြီး အင်ဒို-ပစိဖိတ်ဒေသမှ အမေရိကန်နိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉၅၆ ဘီလီယံခန့်ရှိခဲ့သည်။

**အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင် မြန်မာနိုင်ငံအနေအထား**

တောင်အာရှနှင့် အရှေ့တောင်အာရှ၏ ဆုံစည်းရာနေရာတွင်တည်ရှိသော မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ အမေရိကန်နိုင်ငံ၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင် အရေးပါသောနေရာက ပါဝင်နေသည်။ သို့သော် အမေရိကန်အစိုးရအဆက်ဆက်သည် မြန်မာနိုင်ငံအပေါ် ချဉ်းကပ်မှုပုံစံဟောင်းဖြင့်သာ ဆက်ဆံနေသောကြောင့် ၎င်းတို့၏ ရည်မှန်းချက်များနှင့်နည်းလမ်းများကြား ကွာဟချက်ကြီးမားလာပြီး မြန်မာနိုင်ငံအပေါ် ၎င်းတို့၏ဆက်ဆံမှုသည် ပန်းတိုင်နှင့် တဖြည်းဖြည်းဝေးကွာသွားခဲ့သည်။ အိုဘားမားအစိုးရ၏ အာရှဗဟိုပြုမှုသည် ဒေါ်နယ်ထရန့်၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာထိ မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ချဉ်းကပ်မှုသည် ပြောင်းလဲခြင်းမရှိပေ။

အမေရိကန်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသအတွက် ၎င်း၏မဟာဗျူဟာမြောက်ချဉ်းကပ်မှုတွင် မြန်မာနိုင်ငံ၏အရေးပါမှုတန်ဖိုးကို သိရှိထားသည်။ သို့သော် မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ ချဉ်းကပ်မှုလမ်းကြောင်းသည် လက်တွေ့ကျသော ထိတွေ့ဆက်ဆံမှုအစား ဝိုင်းပယ်ခြင်းနှင့် ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုများကိုသာ ဆောင်ရွက်ခဲ့သည်။ အမေရိကန်နိုင်ငံသည် ၎င်း၏တောင်းဆိုချက်များကို လိုက်လျောရန်အတွက် မြန်မာနိုင်ငံအစိုးရအပေါ် အလုံးစုံသံတမန်ရေးရာ ခြိမ်းခြောက်မှုများကို ယနေ့အချိန်ထိ အသုံးပြုဆောင်ရွက်လျက်ရှိသည်။ သမိုင်းတစ်လျှောက် မည်သည့်မြန်မာအစိုးရကမျှ ဒေသတွင်းရှိ အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားများကို စိန်ခေါ်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမရှိသောကြောင့် အမေရိကန်နိုင်ငံသည် နိုင်ငံရေးတွင် မြန်မာနိုင်ငံအပေါ် လက်တွေ့ကျသောထိတွေ့ဆက်ဆံမှုကို လုံးဝထည့်သွင်းစဉ်းစားခြင်းမျိုးမရှိခဲ့ပေ။ အမေရိကန်နိုင်ငံအနေဖြင့် ၎င်း၏ အရေးကြီးဆုံးနိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ စစ်ရေး၊ နိုင်ငံရေးနှင့်စီးပွားရေးများကို အကောင်အထည်ဖော်ရာတွင် အန္တရာယ်ဖြစ်နေသည့် တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုကိုလျှော့ချရန် မြန်မာနိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင် အမေရိကန်နိုင်ငံအတွက် နေရာတစ်နေရာပံ့ပိုးပေးနိုင်မည့် မျှော်လင့်ချက်အခွင့်အလမ်းတစ်ခုဖြစ်သည်။ ဤအချက်က အမေရိကန်နိုင်ငံအတွက် မြန်မာနိုင်ငံသို့ချဉ်းကပ်မှုလမ်းကြောင်းမှန်ပေါ်ရောက်စေမည်ဖြစ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ပြန်လည်ဖော်ဆောင်ရေးအတွက်သာမက မြန်မာနိုင်ငံကို အမေရိကန်၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာအတွင်းသို့ပါ ပေါင်းစည်းနိုင်စေမည်ဖြစ်သည်။

**နိဂုံး**

ယနေ့ခေတ်ကာလတွင် သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် နိုင်ငံတစ်ခု၏ ပထဝီတည်နေရာ၏အရေးပါမှုအခန်းကဏ္ဍသည် လျော့နည်းလာပြီဖြစ်သည်။ သို့သော် ပထဝီဆိုင်ရာမဟာဗျူဟာမြောက်အရေးပါမှုနှင့် ပထဝီနိုင်ငံရေးနှင့် စီးပွားရေးသည် နိုင်ငံတကာဆက်ဆံရေးနှင့် လုံခြုံရေးဆိုင်ရာမဟာဗျူဟာများတွင် အရေးပါနေဆဲဖြစ်သည်။ ထို့ကြောင့် အင်ဒို-ပစိဖိတ်ဒေသသည် ကမ္ဘာလုံးဆိုင်ရာ ချမ်းသာကြွယ်ဝမှုနှင့် လုံခြုံမှုအတွက် အဓိကဗဟိုချက်သဖွယ်ဖြစ်လာသည်။ အချုပ်အားဖြင့်ဆိုရသော် အင်ဒို-ပစိဖိတ်ဒေသအတွင်း မဟာအင်အားကြီးနိုင်ငံများကြား အားပြိုင်မှုများ (အဓိကအားဖြင့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေး)သည် စစ်အေးတိုက်ပွဲသဖွယ်ဖြစ်လာပြီး အင်ဒို-ပစိဖိတ်ဒေသသည် နိုင်ငံတကာမဟာဗျူဟာမြောက်ယှဉ်ပြိုင်မှုများ၏ အဓိကပွဲကိုင်နေရာသဖွယ်ဖြစ်လာနေပါသည်။

**ကိုးကား**

- A New U.S. Strategy for the Indo-Pacific by Roger Cliff
- Myanmar in the US Indo-Pacific Strategy: Why Is China Winning and What to Do about It? by Pawan Amin & Dr. Monish Tourangbam
- အင်ဒို-ပစိဖိတ်မဟာဗျူဟာနှင့် စိန်ခေါ်မှုများ၊ အလင်းဆက်(IR)၊ ၂၀၂၃

## ဝါရင့်တေးသံရှင်များဖြစ်သည့် စိုးပိုင်၊ စိန်ဝင်းထွန်း၊ ချိုပြုံး၊ မေရှက်ဝါတို့ သီဆိုဖျော်ဖြေမည့် တေးဂီတဖျော်ဖြေပွဲကို The Heart of Rangoon-THOR ၌ ပြုလုပ်မည်




ရန်ကုန် နိုဝင်ဘာ ၁၃

ဝါရင့်တေးသံရှင်များဖြစ်သည့် စိုးပိုင်၊ စိန်ဝင်းထွန်း၊ အကယ်ဒမီ ချိုပြုံး၊ မေရှက်ဝါတို့ သီဆိုဖျော်ဖြေမည့် တေးဂီတ ဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon – THOR ၌ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါတေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင် ချိုပြုံးက ပြောပြ၍ သိရသည်။

ဝါရင့်တေးသံရှင်များ ဖြစ်ကြသည့် စိုးပိုင်၊ စိန်ဝင်းထွန်း၊ ချိုပြုံး၊ မေရှက်ဝါတို့ သီဆိုဖျော်ဖြေမည့်တေးဂီတ ဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၄ ရက်တွင် The Heart of Rangoon-THOR ၌ ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်လေးဦး၏ ဖျော်ဖြေသီဆိုမှုများကို Section Player Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"၁၉၈၀ ပြည့်နှစ်ဝန်းကျင်က လူသိများထင်ရှားခဲ့တဲ့ စတူဒီယိုတေးသီချင်းလေးတွေကိုပြန်လည်နားဆင်ရမှာဖြစ်ပါတယ်။ လူကြီးတွေအတွက်လဲ အဲဒီကာလကိုပြန်ရောက်သွားသလို ခံစားရမှာပါ။ လူငယ်တွေအတွက်လဲ ကြားဖူးတဲ့ တေးသီချင်းတွေကို အပြည့်အဝ ပီပီပြင်ပြင် နားဆင်ရမှာမို့ ကျေနပ်သွားကြမှာပါ"ဟု ဝါရင့်တေးသံရှင် ချိုပြုံးက ပြောပြသည်။

အဆိုပါဝါရင့် စတူဒီယို တေးသံရှင်လေးဦး သီဆိုဖျော်ဖြေမည့် တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၄ ရက် ည ၆ နာရီ မိနစ် ၃၀ မှ စတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း တေးသံရှင် ချိုပြုံးက ပြောပြ၍ သိရသည်။

ASH

## ခရစ္စတိုဖာနိုလန်၏ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဇန်ဒါးယားနှင့် အန်နီဟေသာဝေး ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၁၃

ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီအတွက် ကမ္ဘာကျော်ဒါရိုက်တာ ခရစ္စတိုဖာနိုလန် ရိုက်ကူးပေးမည့် ဇာတ်ကားသစ်တွင် မင်းသမီး ဇန်ဒါးယားနှင့် အန်နီဟေသာဝေးတို့ ပါဝင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

တရားဝင်ဇာတ်ကားနာမည် မသိရသေးသည့် အဆိုပါဇာတ်ကားသစ်တွင် မင်းသမီး ဇန်ဒါးယားနှင့် အန်နီဟေသာဝေးတို့သည် မင်းသား တွမ်ဟော်လန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါရုပ်ရှင်ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါရုပ်ရှင်ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ခရစ္စတိုဖာနိုလန် ကိုယ်တိုင် ရေးသားမည်ဖြစ်ပြီး လက်ရှိတွင် ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယူနီဗာဆယ် ကုမ္ပဏီက စတင်နေပြီဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## Miss Universe 2024 ပြိုင်ပွဲ Project Voice for Change Project နိုင်ငံတကာအလှမယ် ၁၀ ဦးစာရင်းတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန် အမှတ်စဉ် (၆) တွင် ရပ်တည်

ရန်ကုန် နိုဝင်ဘာ ၁၃

မက္ကဆီကိုနိုင်ငံတွင် ကျင်းပနေသည့် Miss Universe 2024 ပြိုင်ပွဲ Project Voice for Change Project နိုင်ငံတကာ အလှမယ် ၁၀ ဦးစာရင်းတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန် အမှတ်စဉ် (၆) တွင် ရပ်တည်နေကြောင်း အလှမယ် သက်စံအန်ဒါဆန်က ပြောပြ၍ သိရသည်။

Miss Universe 2024 ပြိုင်ပွဲ လူငယ်များ၏ ပညာရေးနှင့်ဖွံ့ဖြိုးရေးအတွက် အကျိုးပြု Project Voice for Change Project စာရင်းတွင် နိုင်ငံတကာအလှမယ် ၁၀ ဦးစာရင်းတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် Miss Universe Myanmar 2024 သက်စံအန်ဒါဆန် သည် နံပါတ် (၆) တွင် ရပ်တည်နေကြောင်း သိရသည်။

"ပြိုင်ပွဲရဲ့ အဆင့်တိုင်းကို အကောင်းဆုံး ယှဉ်ပြိုင်နေပါတယ်။ အထူးသဖြင့် မြန်မာတိုင်းရင်းသားတွေရဲ့ ရိုးရာဝတ်စုံတွေကို အကောင်းဆုံးဝတ်ဆင်ရင်း ပြိုင်ပွဲတွေကို ဆက်လက်ယှဉ်ပြိုင်နေပါတယ်"ဟု အလှမယ် သက်စံအန်ဒါဆန်က ပြောပြသည်။

Miss Universe 2024 ပြိုင်ပွဲ၏ Second Hot Picks နိုင်ငံတကာ




အလှမယ် ၃၀ စာရင်းတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် Miss Universe Myanmar 2024 သက်စံအန်ဒါဆန်က နံပါတ် (၂၀) တွင်ရပ်တည်ခဲ့ကြောင်း သိရသည်။

ထို့ပြင် Miss Universe 2024 ပြိုင်ပွဲ၏ Voice For Change Project Fan Vote နိုင်ငံတကာအလှမယ် ဦးရေ ၂၀ စာရင်းတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန်သည် အမှတ်စဉ် (၁၆) တွင်ရပ်တည်နေကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက်တွင် နောက်ဆုံးပြိုင်ပွဲအဖြစ် ကျင်းပသွားမည့် ၇၃ ကြိမ်မြောက် Miss Universe 2024 ပြိုင်ပွဲတွင် နိုင်ငံတကာ အလှမယ်များနှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် သက်စံအန်ဒါဆန် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ASH

## The Dog Stars လျှို့ဝှက်သည်းဖိုဇာတ်ကား၌ ရစ်ဒလေစကော့နှင့် ပေါမက်စကယ် ထပ်မံလက်တွဲမည်

နယူးယောက် နိုဝင်ဘာ ၁၃

The Dog Stars အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်အတွက် ဒါရိုက်တာ ရစ်ဒလေစကော့နှင့် မင်းသား ပေါမက်စကယ်တို့ ထပ်မံပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသား ပေါမက်စကယ်သည် ဒါရိုက်တာ ရစ်ဒလေစကော့ ရိုက်ကူးမည့် The Dog Stars ဇာတ်ကား၌ ပါဝင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေသည်။

ဒါရိုက်တာ ရစ်ဒလေစကော့နှင့် မင်းသား ပေါမက်စကယ်တို့သည် Gladiator-2 ဇာတ်ကား၌ လက်တွဲ ဆောင်ရွက်ခဲ့ဖူးသူများ ဖြစ်ကြသည်။

The Dog Stars ဇာတ်ကားကို ၂၀၂၅ ခုနှစ်တွင် စတင်ရိုက်ကူးရန် ၂၀ ရာစုရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း၊ အဆိုပါဇာတ်ကားသည် အမေရိကန် လူ့အဖွဲ့အစည်းတစ်ခုလုံး ကပ်ဆိုးကြီးတစ်ရပ်ကြောင့် ပျက်စီးနေသည့် အနာဂတ်အချိန်ကာလတစ်ခုကို ဇာတ်လမ်းနောက်ခံအဖြစ် ထားရှိရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

The Dog Stars ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## သရုပ်ဆောင် သတ္တိက မွေးနေ့အလှူအဖြစ် သင်္ဃန်းကျွန်းမြို့နယ်တွင် လူဦးရေ ၁၀၀ ကျော်ကို မုန့်ဟင်းခါးစတုဒိသာ ကျွေးမွေးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၃

သရုပ်ဆောင် သတ္တိက မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်တွင် လူဦးရေ ၁၀၀ ကျော်ကို နိုဝင်ဘာ ၁၂ ရက်က မုန့်ဟင်းခါး စတုဒိသာ ကျွေးမွေး လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် သတ္တိက ပြောပြ၍ သိရသည်။

ရုပ်ရှင်နဲ့ ဗီဒီယို သရုပ်ဆောင် သတ္တိက အသက် ၄၈ နှစ်ပြည့် မွေးနေ့ အလှူအဖြစ် မုန့်ဟင်းခါး စတုဒိသာအလှူကို ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားလမ်းနဲ့ သီရိခေမာလမ်းထောင့်လမ်းပေါ်တွင် လမ်းသွားလမ်းလာ ပြည်သူများကို ကျွေးမွေးလှူဒါန်းခဲ့ခြင်းဖြစ်သည်။

"ကျွန်တော့် အသက် ၄၈ နှစ်ပြည့် မွေးနေ့ကလေးပါ။ ဒီနှစ်မွေးနေ့ကလေးမှာ ထူးထူးခြားခြားလေးဖြစ်အောင် စတုဒိသာအလှူအဖြစ် လူအယောက် ၁၀၀ ကျော်ကို ကျွေးမွေးလှူဒါန်းခဲ့တာပါ။ အလှူအတန်းလေး လုပ်ရလို့လဲ ပီတိဖြစ်ရပါတယ်။ ကိုယ့်တစ်နိုင်လေးပဲပေါ့။ လာရောက်သုံးဆောင်ကြသူတွေကိုကြည့်ပြီး ပီတိဖြစ်ရပါတယ်။ လှူဒါန်းမှုအတွက် ကုန်ကျငွေကတော့ ငွေကျပ် သုံးသိန်းလောက်ဖြစ်ပါတယ်"ဟု သရုပ်ဆောင် သတ္တိက ပြောပြသည်။

အနုပညာသက်တမ်း နှစ်ပေါင်း ၃၀ ကျော်ရှိပြီဖြစ်သည့် သရုပ်ဆောင် သတ္တိသည် ရုပ်ရှင်၊ ဗီဒီယိုနှင့် ရုပ်သံဇာတ်လမ်းများစွာကို ရိုက်ကူးခဲ့သည့်သရုပ်ဆောင်လည်းဖြစ်ပြီး လက်ရှိတွင် ရုပ်သံဇာတ်လမ်းတွဲများကို ရိုက်ကူးနေသူလည်း ဖြစ်ကြောင်း သိရသည်။ ASH

# Maravijaya Monastery holds annual Kathina Robe Offering Ceremony for 2024



Senior General Min Aung Hlaing, wife Daw Kyu Kyu Hla and the congregation taking the Five Precepts from Sayadaws.

**Nay Pyi Taw November 13**

In the Union Territory of Nay Pyi Taw, Dakkhinathiri Township, at the Maravijaya Buddha Image, the annual Kathina Robe Offering Ceremony for the year 2024 was held this morning at Maravijaya Monastery within the Maravijaya Buddha Park. The event was attended by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who offered Kathina robes and other items for donation.

The ceremony was graced by the Presiding Nayaka of Paukmyaing Monastery in Lewe Abhidhaja Maha Rattha Guru Bhaddanta Zaneinda, and Sayadaws residing at Maravijaya Monastery. In attendance together with the Senior General and wife were Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary and wife, the Joint SAC Secretary and wife, council members and their spouses, union ministers and their spouses, the Chairman of Nay Pyi Taw Council, senior officers from the Office of the Commander-in-Chief and their wives, the Commander of Nay Pyi Taw Command and officials.

The ceremony began with the Senior General offering alms, fruits, and flowers, along with cool drinking water, to the sacred Buddha Image in the monastery.

Following this, the Senior General, along with other attendees, viewed the arrangement of Kathina robes and offerings prepared for donation.

The ceremony officially opened with a threefold recitation of "Namo Tassa" to pay respects. The Senior General and the congregation took the Five Precepts from Presiding Nayaka Agga Maha Pandita Bhaddanta Neminda of Maravijaya Monastery, and listened to the recitation of the Metta Sutta and other sacred teachings by the venerable monks.

Subsequently, the Senior General and his wife offered Kathina robes and offertories to the Paukmyaing Sayadaw and the Presiding Nayaka Agga Maha Pandita Bhaddanta Neminda of Maravijaya Monastery.

Afterward, the Vice-Senior General and wife offered Kathina robes and donations to the Abhidaja Agga Maha Saddhamma Jotika Bhaddanta Pandita Sayadaw of the Eastern Inntha Monastery in Lewe Town.

The SAC Secretary and wife, the Joint SAC Secretary and wife and SAC members and union ministers also offered Kathina robes and alms to the venerable monks individually.

The Senior General and congregation then received a sermon from Presiding Nayaka Agga Maha Pandita Agga Maha Saddhamma Jotikadhaja Bhaddanta Vimalabuddhi of the Mingala Zeyon Pariyati Sarthintaik at Pali University in Pyinmana.

Afterwards, they shared merits gained from the donations.

The ceremony concluded with the recitation of "Buddhassa Sasanam Ciram Titthatu" three times, followed by rituals of gold and silver showers led by the Prime Minister and his wife to mark the success of the event. After the ceremony, the Senior General, his wife, and the congregation offered meals to the Sayadaws and members of the Sangha presided over by the Paukmyaing Sayadaw.

100



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer Kathina robes and offerings to a Sayadaw.



Senior General Min Aung Hlaing views the arrangement of Kathina robes and offerings prepared for donation.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tazaungdaing Light Festival, hot-air balloon launching opening ceremony of Maravijaya Buddha image held





Senior General Min Aung Hlaing and Daw Kyu Kyu Hla enjoy dances at the Tazaungdaing Light Festival and hot-air balloon launching opening ceremony of Maravijaya Buddha image.

**Nay Pyi Taw November 13**

Tazaungdaing Light Festival and hot-air balloon launching opening ceremony of Maravijaya Buddha image in Dekkhinathiri Township in the Union Territory in Nay Pyi Taw was held on a grand scale at the fountain square in the Maravijaya Buddha Park this evening.

Present at the ceremony were Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the secretary and joint secretary of the SAC and their wives, members of the SAC and their wives, union ministers and their wives, the chairman of Nay Pyi Taw Council, *See Page 14*



Senior General Min Aung Hlaing greets participants and pilgrims.



Senior General Min Aung Hlaing and Daw Kyu Kyu Hla launch a small hot-air balloon.

## Betel leaves weighing 62,000 viss sent to Yangon market in October

**Nyaungdon November 13**

Businesspersons from Nyaungdon Township of Ayeyawady Region sent 62,000 viss of betel leaves to Yangon market in October, said Daw Maw Lin, the owner of the betel leaves and areca nut trading centre in Nyaungdon Township.

They sold 40,000 viss of betel leaves to Yangon in September but 62,000 viss in October. Betel leaves from Nyaungdon are high quality with high demand of consumers.

Daw Maw Lin disclosed: "Transport route between Nyaungdon and Yangon is smooth, and prices of betel leaves are not much different from other regions. So, local people sell betel leaves to Yangon. They sold 62,000 viss of betel leaves in October alone. So, local betel farm owners can earn incomes."

Businesspersons process betel leaves from their farms and sell them to Yangon market. It fetches K200,000 per 10 viss.

Kyaw Kyaw Lin

## Kyaiklat Township supplies 550,000 pieces of coconuts to Yangon market in October

**Kyaiklat November 13**

Businesspersons from Kyaiklat Township of Ayeyawady Region sold 550,000 pieces of coconut to Yangon market, said Daw Aye Myint, the owner of coconut trading centre in Kyaiklat Township.

They sent 400,000 pieces of coconut to Yangon in September but 550,000 in October. Coconut fetches K88,000 per 100 pieces of coconuts in Yangon market.

Daw Aye Myint unveiled: "Businesspersons mainly sell coconut from Bogale to Yangon market. In October, trading of coconut is good due to high demand. As demand is high for purchase of coconuts, local farmers and those in trading chains can earn increased income."

She commented that businesspersons, coconut farmers, freighters, truck drivers and all persons in the trading chain are convenient in earning income.

Kyaw Kyaw Lin



The Tazaungdaing Light Festival and hot-air balloon launching opening ceremony of Maravijaya Buddha image in progress.

*From Page 13*

senior officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command and officials and pilgrims including monks and laypersons observed the ceremony in a bustling manner.

First, the Senior General and wife arrived at the venue of the ceremony and were welcomed by men and women of ethnic nationals by holding light seedpods, by traditional dance troupes by performing the U Shwe Yoe and Daw Moe dance, traditional cultural dances, and traditional drums music.

Then, the Senior General and wife formally opened the ceremony by cutting a ribbon.

As soon as the opening ribbon was formally cut, 500 small hot-air balloons were launched while letting off fireworks and performing dances to the song "Bustling Month Tazaungdaing." The Senior General and wife and participants enjoyed the music and dances.

Afterward, the Senior General and wife and participants observed the Sein Narpan hot-air balloon and Nya Meegyi hot-air balloon launching competition.

During the preparations for launching the hot-air balloons, cultural troupes of national races entertained the public with traditional dances, group dances and music and songs.



Fireworks being set off.

Then, the Senior General and wife and party launched small hot-air balloons to pay obeisance to the Buddha image together with participants at the festival.

Then, the Senior General and wife paid obeisance to the Maravijaya Buddha image and offered flowers, water and lights before walking around the precinct of the Buddha image and offering oil lights together with participants of the event including monks and laypersons on pilgrim.

The Tazaungdaing light festival of the Maravijaya Buddha image is being held from 13 to 15 November in accordance with cultural traditions on a grand scale. Continuous recitations of Maha Pathana pali chants and recitation of Buddhist sermons by Buddhist associations as well as the let-off of fireworks and decorative hot-air balloons launching and the second Matho golden lotus robe offering will be carried out. Moreover, the Buddha Park is decorated with beautiful lights during the festival and there are shops selling local products, foodstuffs and consumer products set up by MSMEs, local traditional snack shops. And as the Fine Arts Department is staging Jataka show together with entainments by traditional dance performer Po Chit troupe, the public has been allowed to pay obeisance to the Buddha image.

100

# World Insights: Collaboration key to building trust between China, U.S., say experts

**New York November 13**

Collaboration remains key to avoiding escalation and building trust, prominent U.S. and Chinese figures in diplomacy, business and finance said on Tuesday.

At the China Institute in America's 2024 Executive Summit themed "Now What? -- A Post-Election Outlook," former U.S. Under Secretary of State Robert Hormats urged renewed "mutual respect" between the United States and China, pointing to the need for small, people-to-people exchanges to help rebuild trust.

"We're all better off in better countries if we're together. We're all worse off if we don't, and that should be something we look at in terms of these smaller issues as well as larger issues," said Hormats, citing the "ping pong diplomacy" in the 1970s as a model for restoring goodwill amid today's strained relations.

"I think between our two countries there's a trust deficit that has developed over the years," he noted, adding that many Americans lack sufficient understanding of Chinese history and culture.

Hormats called for increased educational and cultural exchanges, emphasizing the importance of more Americans studying in China and more Chinese students studying in the United States to foster mutual understanding.

Xinhua

# Feature: Displaced Lebanese struggle to cope with winter cold amid ongoing conflict with Israel

**Beirut November 13**

Saeda Abdallah holds her child tightly and tenderly, wrapping his thin body in an old blanket to protect him from the November frost creeping into the shelters of displaced families in the mountainous areas of eastern Lebanon.

In a side room on the first floor of Joub Jannine Public School, which has been turned into a shelter for displaced Lebanese after the conflict between Israel and Hezbollah intensified, 30-year-old Saeda appears sad and pale. She worried about the five-month winter ahead and its impact on her infant.

"We have entered the winter and are stripped of necessities to protect ourselves from the cold and storms," she told Xinhua. "The first rain that hit Lebanon a few days ago is one of the calamities that awaits us, including stronger storms and heavy snow," she told Xinhua.

"As the rainy season arrives alongside Israeli military operations, we feel cold and fearful, unable to distinguish between the thunder of storms and the roar of shells," she said.

Since Sept. 23, the Israeli army has been conducting intensive air attacks on Lebanon in a dangerous escalation with Hezbollah, forcing hundreds of thousands of Lebanese to leave their homes for safer shelters.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက ပဲ့ထိန်းဒုံးကျည်ခြိမ်းခြောက်မှုများမှကာကွယ်ရန် HQ-19 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ထုတ်ဖော်ပြသခဲ့



တရုတ်နိုင်ငံသည် ပဲ့ထိန်းဒုံးကျည်ခြိမ်းခြောက်မှုများမှကာကွယ်ရန် HQ-19 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Interestingengineering.Com သတင်းဌာနက နိုဝင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်ကို ရှစ်ဘီးယက်ထရပ်ကားပေါ်တွင် တပ်ဆင်ထားပြီး ဒုံးပစ်လောင်ချာတွင် ဒုံးကျည် ခြောက်စင်း တပ်ဆင်ထားသည်။

ဒေါင်လိုက်ပစ်လွှတ်မှုစနစ်တွင် Cold-launch နည်းစနစ်ကို အသုံးပြုပစ်ခတ်နိုင်သည့် HQ-19 ဒုံးကျည်စနစ်သည် ဝင်ရောက်လာသော ရန်သူ့ပဲ့ထိန်းဒုံးကျည်များကို ထိရောက်စွာကြားဖြတ်ဟန့်တားနိုင်မည်ဖြစ်သည်။ 610A ဟုအမည်ပေးထားသောပစ်မှတ်ရှာဖွေထောက်လှမ်းရေး ရေဒါစနစ်ပါဝင်ဖွဲ့စည်းထားပြီး တောင်အာရှဒေသ မြောက်ဘက်ပိုင်းမှသည် တရုတ်နိုင်ငံ တိဗက်ကုန်းပြင်မြင့်ထိ အကွာအဝေး ၂၄၈၅ မိုင်ထိ လှမ်းခြုံထောက်လှမ်းနိုင်စွမ်းရှိမည်ဖြစ်သည်။

HQ-19 ဒုံးကျည်စနစ်ကို ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတွင် တီထွင်ထုတ်လုပ်ခဲ့ပြီး အဆင့်မြင့်နည်းပညာသုံးကာကွယ်ရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးအပေါ် အာရုံစိုက် အကောင်အထည်ဖော်ခဲ့သည့် တရုတ်နိုင်ငံ၏ 863 Program အောက်တွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အမြင့်ပျံပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်စွမ်းရှိစေရန် လေထုအလွှာဆိုင်ရာအနှောင့်အယှက်ဖြစ်စေမှုများကို လျှော့ချပေးနိုင်သည့် Side Windows များပါရှိသော အနီအောက်ရောင်ခြည် လမ်းညွှန်ထိန်းကျောင်းမှုစနစ် (Infrared Guidance System)ကို အသုံးပြုထားသည်။

ကာဗွန်ဖိုက်ဘာနှင့် N-15B နှစ်ဆင့်ကွဲ အစိုင်အခဲလောင်စာသုံးအင်ဂျင် တပ်ဆင်အသုံးပြုထားကာ ရွေ့လျားနေသော ဒုံးကျည်ထိပ်ဖူးများကို လှုပ်ရှားစစ်ကစားပျံသန်း၍ ထိရောက်စွာကြားဖြတ်ပစ်ချနိုင်ရန်အချိန် ၂၆၀ စက္ကန့်ထိ ရရှိစေမည်ဖြစ်သည်။ ဒုံးကျည်၏ အင်ဂျင်သည် Double-Pulse ဒီဇိုင်းမျိုးဖြစ်ပြီး ကြားဖြတ်တိုက်ခိုက်စဉ်အတွင်း အကွာအဝေးနှင့် အရွေ့စွမ်းအင်သက်ရောက်မှု မြင့်မားစေရန် ရည်ရွယ် အသုံးပြုထားခြင်းဖြစ်သည်။ အဆင့်မြင့် ပေါင်းစပ်သတ္တုပစ္စည်းများဖြင့် တည်ဆောက်ထားသည့်အတွက် ဒုံးကျည်ကို ကမ္ဘာ့မြေဆွဲအားနှင့် ဆန့်ကျင်လျက် 60g အားထိ လှုပ်ရှားစစ်ကစားပျံသန်းနိုင်စွမ်းရှိစေမည်ဖြစ်သည်။

HQ-19 ဒုံးကျည်၏ ကြားဖြတ်တိုက်ခိုက်နိုင်သော အကွာအဝေးသည် ၁၈၆၄ မိုင်ထိရှိပြီး ၎င်းအကွာအဝေးအတွင်း ဒုံးကျည်ထိပ်ဖူးများအပါအဝင် ပဲ့ထိန်းဒုံးကျည်များကို ပစ်မှတ်ထားတိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် Kinetic Kill နည်းပညာကို အစောပိုင်းကာလများကတည်းက လက်ခံကျင့်သုံးခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၁၉၉၉ ခုနှစ်တွင် ၎င်းနည်းပညာသုံးဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပျံသန်းမှုပြီးစီးခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့ရာ ထိုသို့သော အရွေ့စွမ်းအင်သုံးတိုက်ခိုက်ရေးစွမ်းရည်ကို တီထွင်အသုံးပြုနိုင်ခဲ့ခြင်းသည် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယမြောက်နိုင်ငံ ဖြစ်လာခဲ့သည်။ စမ်းသပ်မှုအများအပြားသည် HQ-19 ဒုံးကျည်စနစ်၏စွမ်းဆောင်ရည်ကိုအမြင့်ပေကီလိုမီတာ ၂၀၀ နှင့် အထက်ရှိကြားဖြတ်ဟန့်တားမှုများအပါအဝင် တစ်စက္ကန့်လျှင်မီတာ ၁၀၀၀၀ အမြန်နှုန်းဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်ကြောင်း အတည်ပြုနိုင်ခဲ့ကြသည်။

HQ-19 ဒုံးကျည်စနစ်၏ Phased Array ရေဒါသည် ကြိုတင်သတိပေးချက်များ ထောက်ပံ့ပေးနိုင်ပြီး ကွပ်ကဲကြီးကြပ်မှုစနစ်အောက်တွင် ပေါင်းစည်း၍တိုက်ပွဲဝင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့လှမ်းခြုံထောက်လှမ်းမှုနှင့် ကြားဖြတ်တိုက်ခိုက်မှု စွမ်းဆောင်ရည်များသည် အိမ်နီးချင်းနိုင်ငံများထံမှ ပဲ့ထိန်းဒုံးကျည်များအပါအဝင် ဒေသတွင်းခြိမ်းခြောက်မှုများကို ကာကွယ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

**China unveils HQ-19 missile to rival US THAAD, bolsters defense against ballistic threats** ကို ဘာသာပြန်ဆိုထားပါသည်။

## ပြင်သစ်နိုင်ငံက အိန္ဒိယထုတ် Pinaka အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကိုဝယ်ယူရန် စဉ်းစားနေ



ပြင်သစ်တပ်မတော်သည် အိန္ဒိယနိုင်ငံထုတ် Pinaka အတွဲလိုက် ဒုံးပစ်လောင်ချာ (Multi-Barrel Rocket Launcher - MBRL) စနစ်ကို ၎င်း၏လက်နက်တိုက်တွင် ဝယ်ယူအသုံးပြုနိုင်ရန်အတွက် စဉ်းစားလျက်ရှိကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO)က တီထွင်ထုတ်လုပ်ထားသော Pinaka MBRL အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်သည် ပြင်သစ်နိုင်ငံအတွက် နည်းဗျူဟာမြောက် စစ်ဆင်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ရွေ့လျားစစ်ကစားနိုင်မှုနှင့် လျင်မြန်စွာတိုက်ပွဲဝင်နိုင်မှု စွမ်းဆောင်ရည်များတွင် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြင်သစ်စစ်ဘက် အကြီးတန်းအရာရှိတစ်ဦးက မှတ်ချက်ပြုပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ပြင်သစ်စစ်ဘက်မှ ဗိုလ်မှူးချုပ် StephaneRichou က ကမ္ဘာ့ထိပ်တန်းရော့ကတ်အမြောက်စနစ်များအပေါ် အကဲဖြတ်ဆန်းစစ်ချက်များပြုလုပ်လျက်ရှိကြောင်းနှင့် ပြင်သစ်နိုင်ငံက အိန္ဒိယနိုင်ငံထုတ် Pinaka MBRL အတွဲလိုက်ဒုံးပစ် လောင်ချာစနစ်ကိုဝယ်ယူရန် စာရင်းတွင် ထည့်သွင်းစဉ်းစားထားကြောင်း ပြောကြားခဲ့သည်။

Pinaka MBRL အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်သည် လျင်မြန်စွာတိုက်ပွဲဝင်ဖြန့်ကြက်ပြီး ပစ်ကူး တိုက်စွမ်းအားဖြည့်တင်းပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ဘက်စုံသုံး ဒုံးပစ်လောင်ချာစနစ်တစ်ခုဖြစ်သည်။

အိန္ဒိယနှင့် ပြင်သစ်သည် အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာလွှဲပြောင်းမှုနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများဖြင့် ကာလကြာရှည်ခိုင်မာသော ကာကွယ်ရေး မိတ်ဖက်ဆက်ဆံရေးရှိသည်။ အိန္ဒိယနိုင်ငံသည် ပြင်သစ်နိုင်ငံ Dassault လေကြောင်းကုမ္ပဏီမှ Rafale တိုက်လေယာဉ် ၃၆ စင်း ဝယ်ယူမှုနှင့် အဆင့်မြင့်ကာကွယ်ရေးနည်းပညာများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းဖြင့် မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု သိသိသာသာ အားကောင်းလာခဲ့သည်။ ပြင်သစ်၊ အိန္ဒိယ နှစ်နိုင်ငံသည် Garuda နှင့် Varuna စစ်ရေးလေ့ကျင့်မှုအပါအဝင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပုံမှန်ပြုလုပ်လေ့ရှိပြီး လက်နက်ကိုင်တပ်ဖွဲ့များကြား အပြန်အလှန် နားလည်လုပ်ဆောင်နိုင်မှုတို့ကို မြှင့်တင်ပေးလျက်ရှိသည်။ အိန္ဒိယထုတ် Pinaka MBRL အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကိုဝယ်ယူရန် ပြင်သစ်နိုင်ငံ၏ စိတ်ဝင်စားမှုသည် နှစ်နိုင်ငံဆက်ဆံရေး၏ ကျယ်ပြန့်နက်ရှိုင်းမှုကို ထင်ဟပ်စေလျက်ရှိသည်။ သမိုင်းကြောင်းအရ ပြင်သစ်နိုင်ငံသည် ၎င်း၏အမြောက်၊ အတွဲလိုက်ဒုံးပစ်လောင်ချာလက်နက်စနစ်များကို ဥရောပနိုင်ငံကုမ္ပဏီများထံမှ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အိန္ဒိယထုတ် Pinaka MBRL အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို ဝယ်ယူရန်စဉ်းစားနေခြင်းသည် မတူကွဲပြားသော ကာကွယ်ရေးပစ္စည်းဝယ်ယူရေး မဟာဗျူဟာအပြောင်းအလဲလုပ်ဆောင်မှုကို ဖော်ညွှန်းနေကြောင်း သိရသည်။

ဤဝယ်ယူမှုသည် အိန္ဒိယ-ပြင်သစ် ကာကွယ်ရေး ဆက်ဆံရေးအတွက် နောက်ထပ် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး ပိုမိုနက်ရှိုင်းသော စစ်ဘက်စက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုနှင့်ပူးတွဲထုတ်လုပ်မှုများအတွက် အလားအလာကောင်းများလည်းဖြစ်သည်။ ထိုမှတစ်ဆင့် နှစ်နိုင်ငံလုံး၏ ကာကွယ်ရေးလုပ်ငန်းများကို အားကောင်းစေရုံသာမက ဒေသတွင်းနှင့် ကမ္ဘာ့လုံခြုံရေးအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ခိုင်မာအားကောင်းစေမည် ဖြစ်ကြောင်း သိရသည်။

**Exclusive: France Considers Acquisition of Indian-Made Pinaka Multi-Barrel Rocket Launcher** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

**ရှေ့ဖုံးမှအဆက်**

ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယ ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံမာရဝိဇယ ကျောင်းတော်ကြီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် မာရဝိဇယ ကျောင်းတော် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပေါက်မြိုင်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်စဉ်။



လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပေါက်မြိုင်ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။




မာရဝိဇယကျောင်းတော် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးစဉ်။

က ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိ စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားသည်။

ငင်းနောက် မာရဝိဇယကျောင်းထိုင် ဆရာတော်ကြီးထံမှ ရေစက်ချတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓ သာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး အခမ်းအနားအောင်မြင်ခြင်းအထိမ်း အမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာရွှေမိုးငွေမိုးများရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် ပေါက်မြိုင် ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

☆ ကျောဖုံးမှအဆက်

တိုင်းရင်းသား၊တိုင်းရင်းသူများက မီးကြာခွက်များကိုင်ဆောင်၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ဦးရွှေရိုး ဒေါ်မိုးအက၊ တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်များတီးမှုတ်၍ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံငယ်အလုံး ၅၀၀ ကို လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊အခမ်းအနားတက်ရောက်လာကြသူများသည် စိန်နားပန်မီးပုံးပျံများနှင့် ညမီးကျည်(ညမီးကြီး) မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မီးပုံးပျံများလွှတ်တင်ရန် ပြင်ဆင်မှုများဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မီးပုံးပျံငယ်များကို လွှတ်တင်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ရေချမ်းနှင့်ဆီမီးများကပ်လှူပူဇော်ပြီး

စာမျက်နှာ ၁၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးကြာခွက်များကိုင်ဆောင်၍ ကြိုဆိုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီးများ အတူတကွထွန်းညှိပူဇော်စဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်နေမှုကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံများလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။







တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ဦးရွှေရိုး၊ ဒေါ်မိုးအက၊ တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်များဖြင့် တီးမှုတ်၍ ကြိုဆိုကြစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ရင်ပြင်တော်ကြီးပေါ်၌ လှည့်လည်ဖူးမြော်ကြည်ညို၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီးများကို အတူတကွထွန်းညှိပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကို ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်ထိ ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှည့်မီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ်မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနက ဇာတ်တော်ကြီးဖြင့်လည်းကောင်း၊ ဇာတ်မင်းသားဖိုးချစ်အဖွဲ့က ဇာတ်သဘင်ဖျော်ဖြေမှုတို့ကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများပြည်သူများအနေဖြင့် လာရောက်ဖူးမြော်ကြည်ညို ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်၍ ရန်ကုန်မြို့အတွင်း ကြည့်ရှုလေ့လာ



သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်၍ ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲသည် ရွှေတိဂုံစေတီတော်မြတ်သို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဝန်ကြီးများ၊ ဘုရားဂေါပကအဖွဲ့မှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးများ ဆက်ကပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော်များအား ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ပုံတော်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့်အဖွဲ့သည် (၃၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ဈေးသို့ရောက်ရှိပြီး ဈေးအတွင်း ခင်းကျင်းပြသရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာများ၊ ကျောက်စိမ်းပန်းပုနှင့် လည်ဆွဲပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေချည်ငွေချည်ထိုးလက်ရာပစ္စည်းများ၊ ယွန်းထည်ပစ္စည်းများ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ ပန်းချီ၊ ပန်းပုပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြို့တော်ခန်းမ၊ ဝန်ကြီးများရုံး၊ ကန်တော်ကြီးနှင့် ကရဝိက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ SEMINAR HALL နှင့် မျက်စိခွဲစိတ်ခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများက ပုသိမ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ပုသိမ်မြို့မှ ချောင်းသာကမ်းခြေသို့ရောက်ရှိပြီး ချောင်းသာကမ်းခြေ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် မီးပုံးပျံများ လွှတ်တင်ခဲ့ကြပြီးနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က AZ URA Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

## ညစ်ညမ်းစာများဖော်ပြပါရှိသည့်ထုတ်ဝေစာများအား အရေးယူဆောင်ရွက်မှုအသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကိုလက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီးငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ကြောင်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားရှိသည်။

၂။ ပုံနှိပ်သူ ဦးရာဇာရဲထွန်း (Right ပုံနှိပ်တိုက်-၀၁၃၃၇)နှင့် ထုတ်ဝေသူ ဒေါ်စိန်ကြည် (The Destiny Book House- ၀၃၂၆၆) တို့မှ ပုံနှိပ်ထုတ်ဝေသောစာရေးသူ Mahuyar ရေးသားသည့်''1500 Miles to you'' နှင့် "အမုန်းနဲ့ပျိုးတဲ့ချစ်ခြင်းအလင်္ကာ" စာအုပ်များတွင် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ပါ စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းကလက်မခံသော၊ လူငယ်များ၏တွေးခေါ်မြော်မြင်မှုနှင့်ခံစားနားလည်မှုကိုလွဲမှားစေနိုင်သော ညစ်ညမ်းစာများဖော်ပြပါရှိကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ပါ စည်းကမ်းချက်ကိုဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့သည့် ပုံနှိပ်သူ ဦးရာဇာရဲထွန်း (Right ပုံနှိပ်တိုက်-၀၁၃၃၇)နှင့် ထုတ်ဝေသူ ဒေါ်စိန်ကြည် (The Destiny Book House-၀၃၂၆၆)တို့၏ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ၂၀၁၄ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ရုပ်သိမ်းခဲ့ပြီး ယင်းစာအုပ်များအား တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့အား ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ထုတ်ဝေသူ ဦးမောင်မောင်လှ (ရွှေနိုင်ငံစာပေနှင့် ပိုစတာဖြန့်ချိရေး)သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၁၁(ခ)နှင့် ပုဒ်မ ၁၈ တို့ကို လိုက်နာရန်ပျက်ကွက်ကြောင်းတွေ့ရှိရသဖြင့် ၎င်းအားထုတ်ပေးထားသည့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်သည်။ ယင်းထုတ်ဝေခြင်းလုပ်ငန်းသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ မည်သည့်ထုတ်ဝေစာကိုမျှ ထုတ်ဝေဖြန့်ချိဆောင်ရွက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်းရှိ စမုံနှင့်သပြေတောင်းဘူတာအကြားရှိ စမုံတံတားပြန်လည်မွမ်းမံပြင်ဆင်မည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

တိုင်ဖွန်းမုန်တိုင်း"ရာဂီ"၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် စမုံနှင့်သပြေတောင်းကြား အဆန်ရထားလမ်းတံတားအမှတ်(၆၉၁)၏ ကမ်းကပ်ခုံ ရေတိုက်စားခံရမှုအပေါ် ပေ ၆၀ ဘောလီသံပေါင်ဖြင့် ယာယီအစားထိုးဆောင်ရွက်ခဲ့ပြီး ယခုအခါအသေးစိတ်ပြင်ဆင်မွမ်းမံမှုများပြုလုပ်ရန်လိုအပ်သဖြင့် နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မန္တလေး-သာစည် ရထားလမ်းပိုင်းကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရက်များတွင် သာစည်-မန္တလေး ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(သ-၃၀၁)အဆန်၊ (သ-၃၀၂)အစုန် RBE လူစီးရထားနှင့် ရန်ကုန်-မန္တလေး-ရန်ကုန် ပြေးဆွဲလျက်ရှိသည့် အမှတ်(၁)အဆန်၊ အမှတ်(၂)အစုန် စာပို့ရထားများကို ယာယီရပ်နားထားမည်ဖြစ်ပြီး ရန်ကုန်-မန္တလေး-ရန်ကုန် ပြေးဆွဲလျက်ရှိသည့် အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထားများကို ရန်ကုန်-သာစည်-ရန်ကုန် ခရီးစဉ်အဖြစ် ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားနှင့် ကုန်ရထားများပြေးဆွဲပေးခြင်းဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပွား၍ ရထားလမ်းနှင့်တံတားများထိခိုက်ပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စမုံနှင့်သပြေတောင်းကြား အဆန်လမ်းတံတားအမှတ်(၆၉၁) (စမုံတံတား)ကို အသေးစိတ်ပြုပြင်မှုများပြုလုပ်ပြီး နိုဝင်ဘာ ၂၀ ရက်မှစ၍ ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော ရထားများကို မူလပြေးဆွဲချိန်များအတိုင်း ရန်ကုန်နှင့် မန္တလေး ခရီးဆုံးဘူတာများအထိ ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လှိုင်မြစ်ကူး ရွှေပြည်သာတံတား ရေလမ်းပြောင်းလဲမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

လှိုင်မြစ်ကူး ရွှေပြည်သာတံတား ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့် (၄) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃) အကြားမှလည်းကောင်း ဖွင့်လှစ်ထားသော်လည်း ယခုအခါတံတားမြစ်ကြမ်းပြင် မြစ်ရေတိုက်စားမှုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မည်ဖြစ်သောကြောင့် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂) နှင့် (၃) အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်း၏ ကင်းလွတ်အကျယ်သည် ၃၄၅ ပေနှင့် ကင်းလွတ်အမြင့်သည် အမြင့်ဆုံးရေမျက်နှာပြင်အထက် ၃၆ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်ရေလမ်းတွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားမည်ဖြစ်ပြီး ညအခါ မီးစိမ်းထွန်း ပြသထားမည်ဖြစ်သည်။ ထို့အတူ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်းတိုင်အုတ်ခုံများသည် ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်၊ တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်းကမ်းလွန်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် အားလျော့သွားခဲ့ပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တိုင်းစစ်ဌာနချုပ်များတွင် မဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်



ဆရာတော်ထံ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၃**

မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများကို တိုင်းစစ်ဌာနချုပ်များတွင် ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာ အသီးသီး၌ ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ကထိန်အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင်များ ဆက်ကပ်လှူဒါန်းကြရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကျိုင်းတုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် နဝကမ္မအလှူငွေကျပ် ၂၁၄ သိန်းကျော်နှင့် ငွေကျပ် ၃၃၃ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၃၆ ခုကိုလည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေ စုစုပေါင်း ငွေကျပ် ၅၇၁ သိန်းကျော် တန်ဖိုးရှိ ပဒေသာပင် ၃၅ ခုကိုလည်းကောင်း သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်ထိ ကျင်းပမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**
**သတင်းကြေညာချက်**
၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၄)ရက်
(၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ (၁၈)ရက်မှ (၂၇)ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ (ဗိုလ်ချုပ်ကြီး မဟာသရေစည်သူ စိုးဝင်း)-ဒေါ်သန်းသန်းနွဲ့(မလေး-မုံရွာ)မိသားစု၊ ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော်(ကျော်ညွန့်ရည်စာပေ)နှင့် တက္ကသိုလ်တင်မောင်ထွေး(နတ်ရေကန်)အားရည်စူး၍ နတ်ရေကန်မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးဝေလွင်(စာရေးဆရာဝေလွင်မောင်)နှင့် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ အမျိုးသားစာပေဆုရှင် ဦးကျော်မြင့် (G.A)က ငွေကျပ်သုံးသိန်း၊ ဆရာမကြီး ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်)အား ရည်စူး၍ သမီး ဒေါ်ချိုချိုလတ်က ငွေကျပ် ၂၅၀၀၀၀၊ ဦးဖေသက်ညွန့်(ဆွေဇင်ညွန့်)မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်မြင့်အေး(လာဘ်မိုးစွေစာပေတိုက်)- ဒေါက်တာစောယုနွယ်မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းက ထပ်မံလှူဒါန်းငွေ ၁၃၀၀၀၀၊ စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့မိသားစု၊ ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်အောင် (ဝါးခယ်မ)၊ လေအန်ကုန်းစာပေရပ်ဝန်း၊ အလင်္ကာကျော်စွာ စာရေးဆရာကြီး တင့်တယ်မိသားစု၊ ဆရာကြီးသူရဇော်(ခင်-တိုင်းရင်းမေ) စာပေမောင်နှံမိသားစုနှင့် ဒေါက်တာခင်မောင်လွင်(FAME Pharmaceuticals) တို့က ငွေကျပ်တစ်သိန်းစီ၊ တောင်ဥက္ကလာပ စေတီတော်ဂေါပကဥက္ကဋ္ဌ ဒေါက်တာအေးကို၊ မြိတ်မြို့နယ်စာရေးဆရာအသင်း၊ မော်လမြိုင်မြို့နယ် စာရေးဆရာအသင်း၊ ကြည့်မြင်တိုင်မြို့နယ် စာရေးဆရာအသင်းနှင့် စာရေးဆရာမ သက်ဦးခင်မိသားစုတို့က ငွေကျပ် ငါးသောင်းစီ၊ မောင်ခေတ်ထွန်း-ဒေါ်လေးမြင့်မြင့်ရီ၊ ဦးညွန့်တင်(သီဟညွန့်တင်-လသာ)၊ ဦးထွန်းငွေ-ဒေါ်ခင်ငွေး မြင့်(သန်လျင်မြို့နယ်)၊ ဒေါ်ခိုင်မိုးဝေ၊ ဒေါ်ယဉ်မွေး(ယဉ်ယဉ်-ဘက်ရဲ)နှင့် ဦးခင်ဇော်ဝင်း(ခက်ဇော်-ကဗျာ)-ဒေါ်မြင့်မြင့်အေး(ပန်းမြမွေး)၊ ဦးစံရှိန်(ဆရာကြီးရှိန်)၊ ယိမ်းနွဲ့လှျံ(မိသားစု)နှင့် ဒေါ်လဲ့လဲ့ဝင်းမောင်(ပျိုပျိုယောဂ-သစ်တော)တို့က ငွေကျပ်နှစ်သောင်းစီ၊ ဒေါ်ခင်မမ(ခင်လေးစိန်-ဘိုကလေး)၊ ဒေါ်မြတ်စုမွန်စိုး(ပန်းမြတ်ခရေ)၊ ဒေါ်နွဲ့နွဲ့ရီ(နွယ်ရီ)၊ ဒေါ်ခင်ခင်ဦး(တက္ကသိုလ်နန်းမိုခမ်း)နှင့် ဦးလှမြင့်(ဂန္ဓမာ)တို့က ငွေကျပ်တစ်သောင်းစီ လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။




အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅)ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

➤ ➤ ➤

# ဥသျှစ်ပင်မြို့တွင် လမ်းသွားလမ်းလာလူငယ်အမျိုးသား ၂၀ ခန့်ကို ပြည်သူ့စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးစုဆောင်းခံရကြောင်း သတင်းတု၊ သတင်းမှားများကို လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တွင် နိုဝင်ဘာ ၁၁ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများက လမ်းသွားလမ်းလာဆိုင်ကယ်များကို တားဆီးစစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး လူငယ်အမျိုးသား ၂၀ ခန့်ကို ပြည်သူ့စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးစုဆောင်းခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဥသျှစ်ပင်မြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းရက်တွင် ဥသျှစ်ပင်မြို့အတွင်း၌ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ခြင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအရ စစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်များအလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Great Motor Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် JMC JMEV EV3 အမျိုးအစားလျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Aung Kan Bo Motorcycle Industrial Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KENBO အမျိုးအစားလျှပ်စစ်သုံးနှစ်ဘီး မော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၈၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ခင်ဦး နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၈၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း ၆၅၁၅ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၈၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်း၊ မျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးတန်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးတန်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၅၀၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ရက်ထိ ငါးတန်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးတန်များသည် မွေးမြူရေးငါးတန်နှင့် မြစ်ငါးတန် အမျိုးအစားများ ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးတန်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ စက်တင်ဘာလထက် ပိဿာချိန် ၂၅၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ငါးတန်တွေက ပြည်တွင်း ဈေးကွက်မှာကို အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# နမ့်စန်မြို့နယ် မိုက်ကမ်းကျေးရွာ၌ အိမ်သုံးဆိုလာတပ်ဆင်ခြင်းလုပ်ငန်း စစ်ဆေး

နမ့်စန် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့်မိုက်ကမ်းကျေးရွာ၌ အိမ်သုံးဆိုလာတပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမြင့်သောင်း၊ နမ့်စန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ လျှပ်စစ်မီးမရရှိသေးသော မိုက်ကမ်းကျေးရွာ၌ အိမ်သုံးဆိုလာတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အိမ်သုံးဆိုလာပစ္စည်းအသုံးပြုပုံနှင့် ထိန်းသိမ်းထားရှိရမည့် နည်းလမ်းများကို ဆွေးနွေးမှာကြားသည်။

မိုက်ကမ်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင်60W အိမ်သုံးဆိုလာ ၁၆ လုံးတပ်ဆင်ခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆သိန်း စုစုပေါင်းငွေကျပ်၁၅၆သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးထံမှ သိရသည်။ **သံသာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၃-၁၁-၂၀၁၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

ဝတ္ထုတိုကလေး

# ရင်တွင်းရှိုက်သံ ဗီဇအပေါ်ယံ

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)



(၁)

"ဟေ့ ငါတို့ရပ်ကွက်ကထိန် နီးပြီနော် ကောင်မ"

"ဟုတ်ပ့ါ လဆန်းနှစ်ရက်နေ့မို့လား"

"အေးလေ နှစ်တိုင်း ဒီလိုချိန်ပဲလုပ်နေကြတော့ကို အထူးအဆန်းလုပ်ပြီး နင်ကပြောနေ"

"ငါတို့အိမ်က ထီးနဲ့ဖိနပ်လှူတယ်"

"ငါတို့ကတော့ ယပ်တောင်နဲ့ ကထိန်သင်္ကန်း"

"ငါတို့ အမေက သပိတ်နဲ့ နာရီလို့ပြောတယ်"

"အမယ်လေး ကထိန်လှည့်ရင် ဝတ်ဖို့ အဝတ်လဲ အဆင်သင့်အေ"

"ငါလဲချုပ်ထားတာ အချိန်မီလို့ တော်သေးတယ်"

"ငါက မနက်ဖြန်ရမှာ၊ ပွဲက သုံးရက်ပဲလိုတာ ဆိုတော့ အံကိုက်ပဲဟ"

ရပ်ကွက် ကထိန်ပွဲအတွက် အပျိုမတစ်သိုက် ပျော်ရွှင် ရင်ခုန်နေကြသည်။ တစ်နှစ်တစ်ခါ ဘယ်တော့မှ မရိုးသော ကထိန်ပွဲမို့လည်း သည်လိုချိန်ရောက်တိုင်း ပျော်ရသည်ဖြစ်သည်။

"ဟဲ့ ဦးတင်မောင်တော့ ရပ်ကွက်ရုံးမှာ ဦးရွှေရိုးနဲ့ ဒေါ်မိုးအက တိုက်နေပြီနော်"

"အမယ်လေး နှစ်တိုင်းမပါမဖြစ်လေ ဦးတင်မောင်ကြီးမပါရင် ပွဲမစည်ဘူး"

"ဟုတ်ပ့ါ ငါတို့တော့ နှစ်တိုင်းမျှော်နေရတာ"

"ဟုတ်ပ့ါအေ"

စကားဖောင်ဖွဲ့ပြောနေကြလျက် ကထိန်လှည့်မည့်နေ့အတွက် ရင်ခုန်နေကြသည်။ တစ်နှစ်မှတစ်ခါ ကြုံရသည့် ကထိန်ပွဲဖြစ်သဖြင့် သည်ရာသီရောက်တိုင်း မရိုးသွားစေပဲ လူတိုင်းကို စိတ်လှုပ်ရှားစေသည်၊ပျော်ရွှင်စေသည်။ အနယ်နယ်အရပ်ရပ်မှာလည်း ဗုဒ္ဓဘာသာဝင်တို့၏ ရိုးရာမပျက်ကထိန်ပွဲကို နှစ်စဉ် ဆင်နွှဲကြမှာ အမှန်ပင် ဖြစ်သည်။ ပျိုပျို၊ အိုအို အရွယ်သုံးပါးစလုံး ကုသိုလ်ယူ အလှူပွဲကို အားခဲနေကြသည်မှာ အမှန်ပင်ဖြစ်သည်။ အလွှာပေါင်းစုံ တတ်အားသ၍ လှူဒါန်းသာဓုခေါ်ရသော လတန်ဆောင်တိုင်၏ ကျက်သရေရှိလှသော ပွဲတော်ကြီးဖြစ်သည်။

(၂)

ဦးတင်မောင်သည် သူတို့ရပ်ကွက်ထဲတွင် တစ်ကိုယ်တည်း လူပျိုကြီးဖြစ်သည်။ အသက်ကလည်း ငါးဆယ်ကျော်ဖြစ်ပြီး လက်သမားလုပ်ကာ မိခင်အိုကြီးကို လုပ်ကျွေးနေသူဖြစ်သည်။ အနုပညာဝါသနာပိုးရှိသူဖြစ်သဖြင့် ကထိန်ပွဲ၊ အလှူပွဲ၊ ဘာပွဲဖြစ်ဖြစ် ဦးတင်မောင်မပါလျှင် ပွဲမစည်ပေ။

သူငယ်တော်အက၊ နှစ်ကိုယ်တစ်စိတ်အက၊ ဦးရွှေရိုးအကတို့ကို ဦးတင်မောင်က ပိုင်ပိုင်နိုင်နိုင်ကတတ်၍ ရပ်ကွက်ထဲက အလွန်အားပေးကြသည်။ ပျော်ပျော်နေတတ်ပြီး ရိုးသားအေးဆေးသူမို့ အားလုံးကချစ်ကြသည်။

အကကောင်းသူဖြစ်သဖြင့် ကထိန်လှည့်ဆိုလျှင် နေရာတိုင်းတောင်းဆိုမှုများ၍ ပရိသတ်များကို ဖျော်ဖြေပေးရသည်။ ရင်ဘတ်မှာ ဆုငွေများ ပြည့်လျှံနေသည်။ ပျိုပျို၊ အိုအို၊ ကြီးကြီးငယ်ငယ်သည် ဦးတင်မောင်၏ အနုပညာအစွမ်းကို ကြည့်ရမည်မို့ အားလုံးမျှော်နေကြသည်။

ဦးတင်မောင်ကိုယ်တိုင်ကလည်း အနုပညာဝါသနာ ပါသူပီပီ မမောနိုင်၊ မပန်းနိုင် ကပြဖျော်ဖြေပေးတတ်သည်။ သည်လိုမကရလျှင် စားမဝင်အိပ်မပျော်၊ မိသားစုဝင်များကလည်း သူ၏ ဝါသနာပိုးကို မကန့်ကွက်ဘဲ ပျော်သလိုနေစေကြသည်။ အသောက်အစားကင်း တစ်ကိုယ်တည်း လူပျိုကြီးကို တစ်ရပ်ကွက်လုံးကလည်း ချစ်ခင်ကြသည်။ ဖော်ရွှေပြီး သဘောကောင်းသူမို့လည်း သူ့ဝါသနာလေးက ပို၍ အသက်ဝင်သည်ဟု ထင်မိသည်။ အလှူပွဲ၊ ဘုရားပွဲ၊ ကထိန်ပွဲမှာ အောက်ခြေသိမ်းအလုပ်များကို အများနည်းတူ လုပ်ကိုင်ပေးရင်း ဝါသနာပါရာ အနုပညာလေးကိုလည်း လက်စွမ်းပြတတ်သည်။ သည်လိုချိန်မျိုးမှာ သူ့ကိုယ်တိုင် ကချင်လွန်း၍ နှစ်တိုင်းပင် ကဖြစ်သည်။

(၃)

ဦးတင်မောင်တစ်ယောက် ကထိန်ပွဲအတွက် မမောနိုင်မပန်းနိုင် အကတိုက်ရာ ယခုမှ စိတ်တိုင်းကျတော့သည်။ တစ်နှစ်တစ်ခါမရိုးအောင် ကကွက်ဆန်းဆန်းလေးနှင့် ဖျော်ဖြေတင်ဆက် ပေးချင်သဖြင့် နှစ်တိုင်းကြိုးစားပြီး ကပြသည်။

သူ့ဗီဇကလည်း ငယ်ငယ်ကတည်းက အနုပညာ ပိုးပါသဖြင့် အားတိုင်း၊ အိုးစည်၊ ဒိုးပတ်သံကြားတိုင်း ကွေးနေအောင်ကရမှကျေနပ်သည်။ လမ်းသွား ရင်းလည်း ဆိုင်းသံ၊ ဗုံသံကြားလျှင် လက်ကလေး လှုပ်ပြီး ကလိုက်ရမှ ကျေနပ်သူဖြစ်သည်။ ရပ်ကွက်ထဲ ဘာပွဲရှိရှိ သူထိပ်ဆုံးကပါသည်။ အနုပညာနှင့် အသက်မမွေးရသော်လည်း ဗီဇ မပျောက်နိုင်၍ ဒီလိုရပ်ကွက်ပွဲ၌ ကပြရ၍ ကျေနပ်နေသူဖြစ်သည်။

သည်တစ်နှစ် အမေဖြစ်သူ အားမပေးနိုင်၍ စိတ်ထဲ မကြည်နူးနိုင်ပေ။ အမေက သူ့သား ဘာအက က က လက်ခုပ်တီးကာ နေရာအနှံ့ ထီးလေးဆောင်း၍ လိုက်အားပေးသူဖြစ်သည်။ မောင်နှမ သုံးယောက်ရှိရာ ဦးတင်မောင်က အငယ်ဆုံးဖြစ်သည်။

အစ်မအကြီးဆုံးနှင့် အစ်ကိုလတ်က အိမ်ထောင် ကိုယ်စီကျ၍ အခြားမြို့မှာ အခြေချနေကြပြီဖြစ်သည်။ ဦးတင်မောင်တစ်ယောက် လူပျိုကြီးဘဝဖြင့် အမေကို ပြုစုလုပ်ကျွေးပြီး သည်အတိုင်းပျော်ရွှင်စွာ ဘဝကို ဖြတ်သန်းခဲ့သည်။

❖အစ်မအကြီးဆုံးနှင့် အစ်ကိုလတ်က အိမ်ထောင် ကိုယ်စီကျ၍ အခြားမြို့မှာ အခြေချနေကြပြီဖြစ်သည်။ ဦးတင်မောင်တစ်ယောက် လူပျိုကြီးဘဝဖြင့် အမေကိုပြုစုလုပ်ကျွေးပြီး သည်အတိုင်းပျော်ရွှင်စွာ ဘဝကို ဖြတ်သန်းခဲ့သည်။ ယခင်သုံးလလောက်ကတည်းက အမေ ကျန်းမာရေးမကောင်း၍ အစ်မကြီးတို့မိသားစုက ခေါ်ထားသဖြင့် သည်နှစ်တော့ အမေကသူ့ကို အားမပေးနိုင် တော့ပေ။ နှလုံးသွေးကြော ကျဉ်းရောဂါကြောင့် သည်တစ်နှစ် အမေ့ကျန်းမာရေး အခြေအနေ ဆိုးလာသည်။ ❖

ယခင်သုံးလလောက်ကတည်းက အမေ ကျန်းမာရေးမကောင်း၍ အစ်မကြီးတို့မိသားစုက ခေါ်ထားသဖြင့် သည်နှစ်တော့ အမေကသူ့ကို အားမပေးနိုင်တော့ပေ။ နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သည်တစ်နှစ် အမေ့ကျန်းမာရေးအခြေအနေဆိုးလာသည်။

(၄)

ကထိန်လှည့်မည့်နေ့ရောက်တော့ အားလုံး အလုပ်ရှုပ်ကာ ပြုံးပျော်နေကြသည်။

"ဟေ့ မိန်းကလေးတွေ အဆင်သင့်ဖြစ်ပြီလား"

."သင်္ကန်းကိုင်မဲ့ သူတွေ၊ ကထိန်ထမ်းမဲ့ အဖွဲ့၊ ငွေပဒေသာပင်ကိုင်မဲ့သူတွေ တန်းစီတော့ဟေ့၊ ရှမ်းအိုးစည်အဖွဲ့ အဆင်သင့်နော်၊ ဦးမောင်တို့ ဒိုးပတ်ဝိုင်းက ဆိုင်းဘုတ်ကိုင်မဲ့သူ ဘယ်မှာလဲ"ဟု အော်ကြ၊ဟစ်ကြ ဆူညံနေတော့သည်။

ကိုယ်စီအလှမျိုးစုံနှင့် မိန်းမပျိုတို့က ဟန်ရေးပြနေကြပြီး၊ လူပျိုကလေးများကလည်း စမတ်ကျကျ စတစ်အင်္ကျီ၊ ပိုးပုဆိုးဖြင့် စတိုင်ထုတ်နေကြသည်။

"ဟဲ့ ရွှေစင်၊ မင်းနိုင်က အခန့်ဟ"

"ဟယ် မောင်တူးက ဆံပင်အရောင်ဆိုးထားတာဟ"

"အမယ် မြင့်ဝင်းတောင် လူလိုသူလိုဖြစ်လို့"

"ဆန်းနိုင်လဲ ဖြူနေတာ မိတ်ကပ်တွေ လိမ်းထားလားမသိ "

"ဟုတ်ပ့ါ"

အပျိုမ တစ်သိုက် ဟန်ရေးပြနေကြသော လူပျိုတစ်သိုက်ကိုကြည့်ကာ ရယ်မောနေကြသည်။

ကြီးကြပ်မည့်သူလာမှ ငြိမ်သွားကြသည်။

"ဟေ့ အဆင်သင့်ဖြစ်ရင်ထွက်မယ်ဟေ့"

စီတန်းလှည့်လည်လာသော ရပ်ကွက်ကထိန်က ကြည့်ရှုသူများနှင့် တိုးမပေါက်အောင် ဖြစ်နေသည်။

အပျိုတစ်သိုက်ကလည်း လှနေကြသလို ပဒေသာပင်တွေကလည်း လှူဒါန်းကြသူများ၏ ဝေဆာလှပနေသည်။

ရှမ်းအိုးစည်ကလည်း မြိုင်ဆိုင်နေပြီး၊ ပင်တိုင်မင်းသားကြီး ဦးတင်မောင်၏ ဦးရွှေရိုးနှင့်ဒေါ်မိုးအကကလည်း ကြည့်ရှုသူများ လက်ခုပ်လက်ဝါးတီး၍ အားပေးနေကြသည်။ လမ်းဘေးဝဲယာ ကြည့်ရှုသူများဖြင့် အထူးစည်ကားလှသည်။ ဦးရွှေရိုး အကကို ကြည့်ချင်ကြ၍ အခြားရပ်ကွက်တွေကလည်း လာရောက်အားပေးကြသောကြောင့် ကထိန်လှည့်သည့် လမ်းတစ်လျှောက် တိုးမပေါက်တော့ပေ။

(၅)

''ဟေ့ ဦးတင်မောင်ကွ"

"နောက်တစ်ခေါက်ဗျို့"

"ကပါအုံးဟ ငါမကြည့်ရသေးဘူး"

အားပေးသူများ၍ ဦးတင်မောင်၏ ရင်ဘတ်ဝယ် ငွေစက္ကူများ ဖွေးနေတော့သည်။ မောရမှန်းလည်း မသိတောင်းဆိုသည့်နေရာတိုင်း ကပြအသုံးတော်ခံ၍ ပရိသတ်၏ လက်ခုပ်သံနှင့်အပြိုင် ချွေးတရွှဲရွှဲဖြင့် ကနေတော့သည်။

ခဏနားနေတုန်းသူ့ထံသို့ဆယ်အိမ်မှူးဦးအောင်နိုင် ရေးကြီးသုတ်ပျာ ရောက်လာတော့သည်။ မျက်နှာမကောင်းပေ။

"ဟေ့ကောင် ငမောင် ရော့ ဖုန်းလာနေတယ်"

သူ့၏ဖုန်းကို ကနေတုန်း ဒိုးပတ်ဆရာ နားအပ်ထားသည်။ သူ့ကို ခေါ်မရ၍ အခြားသူကို ခေါ်ခြင်းဖြစ်နိုင်သည်။

"ဟဲလို"

"ငမောင်လား အမေဆုံးပြီ ငမောင် အီး ဟီး ဟီး"

စာမျက်နှာ ၂၅ သို့ ➤

# ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧက ၉၇၈၀ နုတ်သိမ်းပြီးစီး



**ချောင်းဦး နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧက ၉၇၈၀ နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၉၇၈၀ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်၍ နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး နုတ်သိမ်းပြီးစီးပြီး တစ်ဧက လျှင် ၅၄ ဒသမ ၃၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်မှာ မြေပဲဧက ၉၇၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အားလုံး နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ အထွက်နှုန်း အနေနဲ့ ကောင်းမွန်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။မြေပဲစိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင်ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပုစွန်အစုံ ပိဿာချိန်၈၀၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပုစွန်အစုံ ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးကပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက် ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် စက်တင်ဘာလအတွင်းက ပုစွန်အစုံပိဿာချိန် ၅၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ပုစွန်အစုံပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ အောက်တိုဘာလအတွင်း ပုစွန်အစုံပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ပုစွန်တွေ ဝယ်ယူမှု ကောင်းနေတာကြောင့် တင်ပို့ရောင်းချမှုကလဲ ကောင်းလာတာပါ။ တင်ပို့ရောင်းချရတာလဲ အခက်အခဲမရှိဘူး'' ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်အစုံ တစ်ပိဿာဈေးနှုန်းမှာ လတ်ဆတ်မှုအပေါ် မူတည်၍ ဈေးနှုန်းအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

တစ်ဖက်မှ အစ်မကြီးငိုသံကြောင့် သူကြက်သေ သေသွားသည်။

"အခုပဲ ဆုံးတာ။ ရုတ်တရက် အမောဖောက်ပြီး လဲသွားရာကနေ အသက်ပါသွားတာ။ ဒါကြောင့် နင် ဒီညနေ ရရာကားနဲ့ လာခဲ့တော့"

တစ်ဖက်က ဖုန်းချသွားတော့ အမေ့၏ပုံရိပ်ကို မြင်ယောင်မိပြီး ဦးတင်မောင် မျက်ရည်တွေဝဲနေမိသည်။ မျက်ရည်များကျလာတော့သည်။

"ဦးရွှေရိုး ကပါ"

"အားပေးနေတယ်နော်"

" ကပါဗျို့"

ပရိသတ်တွေ၏ အသံကြောင့် ဦးတင်မောင်စိတ် ကို အမြန်စုစည်းလိုက်သည်။ ဦးရွှေရိုးနှင့် ဒေါ်မိုးမှာ တစ်ယောက်ယောက်မရှိလျှင် အကက အသက်မဝင်တော့သဖြင့် ပွဲဆုံးသည်ထိ ကပေးမှဖြစ်တော့မည်။ ဒိုးပတ်သံနှင့်အတူ ဟန်ဆောင်ပြုံးရင်း ကွေးနေအောင် ကပြနေတော့သည်။

"ကိုကို ရွှေရိုး၊ ကိုကို ရွှေရိုး"

"ဟန်ဆောင်ပြုံးရင်း ကိုယ့်ပရိသတ်တွေ၏ လက်ခုပ်သံကြား ကပြအသုံးတော်ခံနေသော်လည်း ဦးတင်မောင့်ရင်ထဲမှာ မျက်ရည်မိုးတွေရွာနေပြီ ဖြစ်သည်။ ရင်တွင်းရှိုက်သံက အသည်းနှလုံးတစ်ခုလုံး နာကျင်ခံစားနေရသည်။ အနုပညာဗီဇအရ ပရိသတ်အလယ်မှာ အပြုံးလေးဖြင့် ဖျော်ဖြေနေရသည်။

"မောင်ကြီးကွ"

"ဦးရွှေရိုးကွ"

"ကပါအုံး"

"ငါ့သား အမေ့သား ငမောင်ကွ"

"ဟင်"

သူ့အမေအသံကို ကြားလိုက်တယ်။ ဟုတ်တယ်။ အမေ့အသံ အမေ အမေ။

သူကနေရင်း ပရိသတ်ကိုကြည့်လိုက်တော့မျက်ရည်များကြား အမေ့ပုံရိပ်ကလေးက ပီပီပြင်ပြင် ပေါ်လာသည်။

"အမယ်လေး ငါ့သားလေး ငမောင် တော်လိုက်တာ"

လက်ခုပ် လက်ဝါးတီးရင်း အားပေးနေသည့် အမေ့အပြုံးကြောင့် တင်မောင်ပြုံး၍ ကနေမိသည်။ သေချာသည်။အမေ သူကနေတာ ကြည့်နေတာဖြစ်သည်။

" အမေက ပရိသတ်တွေ ကြားထဲရောက်နေတာ၊ ကျွန်တော် ကနေတာ ကြည့်နေတာပါနော်။ အမေရေ သားကနေတာ ကြည့်နေတာလား၊ ကျွန်တော်အားလုံးကျေနပ်တဲ့ထိ ကြိုးစားပြီးကပြပေးမယ်။ အမေ စိတ်ချ"

သူ ရင်ထဲကစကားတွေပြောနေရင်း ကွေးနေအောင် ကနေတော့သည်။ မျက်ရည်တွေကြားက အမေ့ပုံရိပ်ကို ဝိုးတဝါးမြင်နေရသည်။ အမေကလည်း လက်ခုပ်လက်ဝါးတီးပြီး သူ့ကို အားပေးနေသည်။

ဒိုးပတ်သံကလည်း မြိုင်နေသည်။ ပရိသတ်တွေကလည်း ဆူညံစွာ အားပေးနေကြသည်။

"ဦးရွှေရိုးကြီး ကွ"

"ဟေး လှတယ်ဟေး"

"ငမောင်ကွ"

."ငါ့သား ဒါမှ အမေ့သား"

ကနေရင်း အမေ့အသံလေးက ပရိသတ်တွေကြားထဲက ထွက်ထွက်လာသည်။

"ဟုတ်တယ် အမေ ရောက်လာတာပါ။ သားကို အမေလာအားပေးတာနော်။ သားဝမ်းသာလိုက်တာ"

ပရိသတ်တွေ၏ လက်ခုပ်သံနှင့်အတူ ပြုံးပျော်နေသည့် ဦးတင်မောင်၏ မျက်လုံးမှာတော့ မျက်ရည်များ တလိမ့်လိမ့်ကျဆင်းနေပါတော့သည်။

## ကိုယ်စိတ်နှစ်ပါး လှစေသား

– ကျက်သရေ မင်္ဂလာလွှမ်း
ရွှင်လန်းလျက် ဝမ်းသာစေ၊
မင်္ဂလာ ရှိသောစကား
ပြောကြားလျက်နေ၊
မင်္ဂလာရှိ အလုပ်တွေ
လုပ်စို့လေ အစပျိုး၊
ကုသိုလ်ကို နိုင်ရာပြု
သာစုကောင်းကျိုး။

– မကောင်းတာ ရှောင်ကြဉ်လျက်
ဘဝအတွက် လမ်းမှန်ရှာ၊
ပြုဆောင်လေ ပရဟိတ
အေးမြချမ်းသာ၊
အဓိပ္ပာယ်ရှိ ဘဝမှာ
လူဖြစ်ကာ နေထိုင်သွား၊
လောကမြေ သမိုင်းသစ်ကို
ရေးခြစ်စေသား။

– သတိဆောင် အမှားမလုပ်
စကားမရှုပ် ဖြူစင်ကြယ်၊
ပတ်ဝန်းကျင် အမြင်မစောင်း
ကောင်းမှုရည်ရွယ်၊
ဘဝလှ သောကပယ်
ဒေါသရယ် မဖြစ်ရေး၊
ဆင်ခြင်ကာ ကိုယ်စိတ်နှစ်ပါး
ကြိုးစားစို့လေး။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

# မြို့သစ်မြို့နယ် ဒဟတ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဖလံတိုင်းကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဒဟတ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဟတ်ကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၉၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၉၀ စုစုပေါင်းငွေကျပ်သိန်း ၂၄၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများကအနီးကပ်ကြီးကြပ်ကာ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**သူသူ**

# လတန်ဆောင်တိုင်နှင့် အလှူဒါနပွဲတော်များ

မောင်သောင်းဝင်း(တမန်ဟောင်း)

**❖"သင်္ကန်းတွင် ကထိန်၊ ကျောင်းမှာသိမ်" ဆိုသောစကား အတိုင်းပင် ကထိန်သင်္ကန်းသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာကိုသာ ရည်မှန်းလှူဒါန်းရခြင်းဖြစ်သည်။ ကထိန်သင်္ကန်းသည် သံဃာများကိုသာ ရည်မှန်းလှူဒါန်းရသောကြောင့် သံဃိကဒါန မြောက်ခြင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ထိသာ လှူဒါန်းရသဖြင့် ကာလ ဒါနမြောက်ခြင်း၊ သံဃာတော်များအား ဝိနည်းသိက္ခာငါးပါးဖြင့် သင့်ရောက်နိုင်သော အာပတ်တို့ကို ပြယ်နိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းသည် အမွန်မြတ်ဆုံးဒါန တစ်ခုပင်ဖြစ်သည်။ ❖**

တန်ဆောင်မုန်းလသည် မိုးအကုန်ဆောင်းအကူး ကြားကာလဖြစ်သည်။ ရာသီဥတုသည် ပုံမှန်အား ဖြင့် သာသာယာယာရှိသည်။ ကောင်းကင်၌ မိုးတိမ် ကင်းစင်သဖြင့် ကျေးလက်တောရွာများတွင်ညအချိန် ၌ ကြည်လင်တောက်ပသောလရောင်ကို အပြည့်အဝ ခံစားခွင့်ရရှိသလို အနည်းငယ်လည်း အေးစိမ့်လာပြီ ဖြစ်သည်။ နံနက်စောစော လမ်းလျှောက်သည့်အခါ စိမ်းစိုသော မြက်ခင်းပြင်ပေါ်တွင် ဖြူဖြူဖွေးဖွေး ဆီးနှင်းစက်ကလေးများကို မြင်တွေ့ရသည်မှာကြည်နူး ဖွယ်ရာပင်ဖြစ်သည်။ လမ်းလျှောက်ရင်း သန့်ရှင်း လတ်ဆတ်သောဆောင်းလေအေးအေးလေးကိုရှူရှိုက် ရသည့်အခါ ပိုမိုလန်းဆန်းတက်ကြွလာစေပါသည်။

တန်ဆောင်မုန်းလအကြောင်းကို "တန်ဆောင် မုန်း ဗြိစ္ဆာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး၊ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်စိုး" ဟု ကင်းဝန်မင်းကြီး က သံပေါက်လင်္ကာဖြင့်ဖွဲ့ဆိုခဲ့သည်။ တန်ဆောင်မုန်း လကို ဗေဒင်အခေါ် အဝေါ်အရ ဗြိစ္ဆာရာသီ ဟုခေါ် သည်။ ရာသီရုပ်မှာကင်းမြီးကောက် ရုပ်ဖြစ်သည်။ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ အမှန်စင်စစ်မှာမူ တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလ အခါ တော်နေ့ပင်ဖြစ်သည်။

**စေတနာသဒ္ဓါတရား ထက်သန်**

နှစ်စဉ် တန်ဆောင်မုန်းလရောက်ပြီဆိုလျှင် လူကြီး၊ လူငယ်၊ လူလတ် အရွယ်ပေါင်းစုံသည် အလှူ အတန်းများ၊ ပွဲတော်များအတွက် မမောမပန်း အလုပ် ရှုပ်နေကြသည်။ အားလုံး၏တူညီသော စိတ်စေတနာ သည် ကောင်းမှုကုသိုလ်ပြုလုပ်ရန် ဖြစ်သည်။ ချစ်စရာ မြန်မာ့ဓလေ့ပင်ဖြစ်သည်။ မြန်မာ တို့သည် မလှူရလျှင် မနေနိုင်သောသူများဖြစ်ကြသည်။ အလှူ ရေစက် လက်နှင့်မကွာသည်မှာ မြန်မာများ သာဖြစ်ကြသည်။ ထို့ကြောင့် အလှူအတန်းပြုလုပ်ရာ တွင် ကမ္ဘာ့အဆင့် (၁) နေရာ၌ ရပ်တည်နိုင်ခဲ့ ခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ကမ္ဘာပေါ်တွင် ပြက္ခဒိန်တစ်နှစ် လုံး လအလိုက် အလှူအတန်းပြုလုပ်သည့် ပွဲတော် များ ကျင်းပလျက်ရှိသည့် နိုင်ငံကိုပြရမည်ဆိုလျှင် မြန်မာနိုင်ငံတွင်သာ ရှိမည်ဟုထင်ပါသည်။ အကြောင်း မူကား မြန်မာတို့သည် လအလိုက်ရာသီပွဲတော်များ ကျင်းပပြီး အလှူအတန်းပြုလုပ်ကြသည့် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက်လက်ဆင့် ကမ်း ထိန်းသိမ်းထားကြသောကြောင့်သာဖြစ်သည်။ ထိုသို့ ပွဲတော်များကျင်းပခြင်းသည် အပျော်အပါး သက်သက်အတွက် ငွေကြေးသုံးစွဲနေခြင်းမျိုး မဟုတ် ပေ။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်ကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းထားသလို အခြား တစ်ဖက်တွင်လည်း လုပ်ငန်းခွင်၌ ပင်ပန်းနေကြ သည့် ပြည်သူများကို စိတ်ထွက်ပေါက်ပေးထားခြင်း ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တန်ဆောင်မုန်းလရောက်ပြီ ဆိုလျှင် ပွဲတော်များစွာ ကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ ဆီမီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်၊ ကျီးမနိုးပွဲတော်၊ မယ်ဇလီဖူးသုပ် ဝေငှသောပွဲတော်၊ ပုံ့သကူပွဲတော် များကို ကျင်းပလေ့ရှိကြသည်။ ထိုပွဲတော် များစွာ အပြင် တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလ အခါတော်နေ့လည်းဖြစ်သည်။ ထိုပွဲတော်အားလုံးကို လွှမ်းခြုံကြည့်မည်ဆိုလျှင် အလှူအတန်းနှင့်ဆက်စပ် လျက်ရှိသည်။ အမှန်စင်စစ်မှာမူ မြန်မာတို့၏ စေတနာသဒ္ဓါတရားထက်သန်ရက်ရောမှုကို ဖော်ညွှန်း နေခြင်းဖြစ်သည်။

**သာမညဖလအခါတော်နေ့**

တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလ အခါတော်နေ့ဖြစ်သည်။ သာမညသည် သာမဏေ၊ ရသေ့၊ ရဟန်း ပြုလုပ်ခြင်းအဖြစ်ဟု အနက်အဓိပ္ပာယ် ရရှိသည်။ ဖလသည် အကျိုးကျေးဇူးပင်ဖြစ်သည်။ ဆိုလိုသည်မှာ သာမညဖလသည် ရသေ့၊ ရဟန်း ပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးဟူ၍ အဓိပ္ပာယ်ဖွင့်ဆို သည်။ သုံးလောကထွဋ်ထား ဗုဒ္ဓမြတ်စွာဘုရားရှင် သည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ် မင်းကြီးကို သာမညဖလသုတ္တန် ဒေသနာတော် (ရဟန်းပြုခြင်းအကျိုး)ကို ဟောကြားတော်မူခဲ့သည်။ အဇာတသတ်မင်းသည် ထိုသုတ္တန်ဒေသနာတော်ကို နာကြားရပြီးနောက် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သည့် ဥပါသကာအဖြစ်သို့ရောက်ရှိခဲ့သည်။ ထိုအခါ ဖခင်ဘုရင် ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန် ခဲ့သည့်ပြစ်မှုများကြောင့် အိပ်မပျော်စားမဝင် ဖြစ်နေ သော အဇာတသတ်မင်းသား၏ ရောဂါဝေဒနာများ ချုပ်ငြိမ်းသွားခြင်း၊ မြတ်စွာဘုရားရှင်၏ သာသနာ တော်ကို အသက်ပေး ကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့မကျရောက်တော့ဘဲ လောဟကုမ္ဘီ ငရဲ၌သာ ကျရောက်ခြင်း၊ နောင်အခါ ဝိဇိတာဝီ အမည်ဖြင့်ပစ္စေကဗုဒ္ဓဖြစ်ပြီး နိဗ္ဗာန်ကိုမျက်မှောက် ပြုရမည့်ပုဂ္ဂိုလ်ဖြစ်ခြင်း စသည့်အကျိုးတရားများ ခံစားရသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်း လပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပလာခြင်းဖြစ်သည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ရောက်လျှင် နိုင်ငံ တစ်ဝန်းရှိ ဘုရား၊ စေတီပုထိုးများတွင် သာမညဖလ သုတ္တန်ကိုလည်း ရွတ်ဖတ်ပူဇော်ကြသည်။

**ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ**

ကထိန်သင်္ကန်းအလှူသည် ဗုဒ္ဓဘာသာမြန်မာ တို့အတွက်မလှူမဖြစ် လှူဒါန်းသင့်သော အလှူဒါန တစ်ခုဟုပင် ဆိုနိုင်သည်။ "သင်္ကန်းတွင် ကထိန်၊ ကျောင်းမှာသိမ်" ဆိုသောစကားအတိုင်းပင် ကထိန် သင်္ကန်းသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာ ကိုသာ ရည်မှန်းလှူဒါန်းရခြင်းဖြစ်သည်။ ကထိန် သင်္ကန်းသည် သံဃာများကိုသာ ရည်မှန်းလှူဒါန်း ရသောကြောင့် သံဃိကဒါနမြောက်ခြင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့ထိသာ လှူဒါန်းရသဖြင့် ကာလဒါနမြောက်ခြင်း၊ သံဃာတော်များအား ဝိနည်း သိက္ခာငါးပါးဖြင့် သင့်ရောက်နိုင်သော အာပတ်တို့ကို ပြယ်နိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းရခြင်းသည် အမွန်မြတ်ဆုံးဒါနတစ်ခုပင် ဖြစ်သည်။ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အကျိုးတရားများသည် ရေးသား၍ကုန်နိုင်မည် မဟုတ်ချေ။ အနှစ်ချုပ်လိုက်မည်ဆိုလျှင် အမြတ်ဆုံး ဒါန တစ်ခုပင်ဖြစ်သည်။

**မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲ**

မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲသည် မြတ်စွာဘုရား လက်ထက်တော်ကတည်းကပင် ရှိခဲ့သည်။ မိထွေးတော်ဂေါတမီ အမှူးပြုသည့် နန်းတွင်းသူများသည် ဝါဂွမ်းမှအစ ချည်ငင်၊ ဆေးဆိုး၊ ရက်ကန်းစင်တွင် ရက်လုပ်၊ သင်္ကန်းချုပ် ခြင်းလုပ်ငန်းတို့ကို ညတွင်းချင်းအပြီး ဆောင်ရွက်ခဲ့ ကြသည်။ နံနက် ၅ နာရီမထိုးမီ မြတ်ဗုဒ္ဓအား မသိုး သင်္ကန်း (ကထိန်သင်္ကန်း) ဆက်ကပ်လှူနိုင်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုအလေ့အထသည် မျက်မှောက်ကာလထိ ဆက်လက်ရှင်သန်နေဆဲပင် ဖြစ်သည်။ နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၁၄ ရက် နေ့ ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး၊ ရွှေတိဂုံစေတီတော်၊ စွယ်တော်မြတ် စေတီ အပါအဝင် တန်ခိုးကြီးဘုရားများတွင် ရက်ကန်းစင် များဖြင့် ပြည့်လျက်ရှိသည်။ မြတ်စွာဘုရားအတွက် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းကြရန် ဖြစ်သည်။

**ဆီမီးထွန်းပွဲတော်**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ကောင်းကင် ယံ၌ မိုးတိမ်ကင်းစင်ပြီး ကြယ်တာရာများစုံညီစွာ ထွန်လင်းတောက်ပလေ့ရှိသည်။ ရာသီဥတုသည် လွန်စွာသာယာလှပလျက်ရှိသည်။ ထိုသို့မိုးလေကင်း လွတ်သောညချမ်းတွင် ဗုဒ္ဓအလောင်းတော်၏ ဆံတော်ကိုဌာပနာပြီး တာဝတိံသာနတ်ပြည်တွင် တည်ထားသည့် စူဠာမဏိစေတီတော်ကိုရည်မှန်းကာ ဗုဒ္ဓါနုဿတိပွားများလျက် ဆီမီးများဖြင့် ပူဇော် ကန်တော့ကြခြင်းဖြစ်သည်။ ထို့ပြင် မြတ်ဗုဒ္ဓကို ရည်မှန်းကာ မီးပုံးပျံပွဲများ၊ မီးရှူးမီးပန်း ပစ်ဖောက် ခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။ သာဓကအနေ ဖြင့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မြတ်ဗုဒ္ဓ ကိုရည်မှန်းကာ မီးပုံးပျံများ လွှတ်တင်ပူဇော်ကြ သည်။ ဆီမီးလှူဒါန်းခြင်းအားဖြင့် အကျိုးများစွာကို ရရှိစေသည်။ လက်တွေ့အားဖြင့် ထိုဆီမီးအလင်း ရောင်ကိုကြည့်ပြီး ပီတိဖြစ်ရသည်။

**မယ်ဇလီဖူးသုပ်ဝေငှခြင်း**

ထို့ပြင် ကြတ္တိကာနက္ခတ်စောင့်နတ်သား သည် တန်ဆောင်မုန်းလပြည့်နေ့တွင် လူ့ပြည်သို့ ဆင်းသက်လာသည်ဟုလည်း ယုံကြည်သက်ဝင်ကြ သည်။ ကြတ္တိကာနက္ခတ်စန်းယှဉ်သော တန်ဆောင် မုန်း လပြည့်ည၌ ဆေးပင်စောင့်နတ်အပေါင်းတို့ သည် မယ်ဇလီပင်စောင့်နတ်အား လာရောက်ခစား ကြသည်ဟုဆိုသည်။ ထို့ကြောင့် မယ်ဇလီပင်သည် ဆေးပေါင်းခသည်ဟုလည်း ယုံကြည်ယူဆလျက် မယ်ဇလီဖူးသုပ်ကာ ဝေငှအလှူအတန်းပြုကြ သည်။ တစ်အိမ်နှင့်တစ်အိမ် အပြန်အလှန်ဝေငှ စားသောက်ကြသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့ ပင် ဖြစ်ပေသည်။

**ပုံ့သကူအလှူ**

မြန်မာတိုင်းရင်းသားလူမျိုးများသည် တန် ဆောင်မုန်းလပြည့်ညတွင် ပုံ့သကူပစ်ပွဲ အလှူဒါန များကိုလည်း ပြုလုပ်ကြသည်။ ပုံ့သကူဟူသော ဝေါဟာရသည် ပါဠိဘာသာ "ပံ့သကူလ" မှ ဆင်းသက်လာခြင်းဖြစ်သည်ဟု ဆိုသည်။ အနီးစပ် ဆုံးအဓိပ္ပာယ်သည် ပိုင်ရှင်မဲ့ပစ္စည်းဖြစ်ပြီး တွေ့ရှိ သူက အလိုရှိသလိုသုံးစွဲနိုင်သောပစ္စည်းဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။ ပုံ့သကူပစ်ခြင်း သည် ပစ္စည်းဥစ္စာပြည့်စုံသူများက ချို့တဲ့သူများ၊ မပြည့်စုံသူများအတွက် ရည်ရွယ်ကာ ပုဂ္ဂိုလ်စွဲ မထားဘဲ လိုအပ်သလိုအသုံးပြုနိုင်စေရန် ပစ်ထား ခြင်းဖြစ်သည်။

**လတန်ဆောင်တိုင်နှင့် အလှူဒါနပွဲတော်များ**

မြတ်ဗုဒ္ဓသည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကြီးအား သာမညဖလသုတ္တန် ဒေသနာတော် (ရဟန်းပြုရခြင်းအကျိုး)ကို ဟော ကြားတော်မူခဲ့သည်။ ထို့ပြင် တန်ဆောင် မုန်းလတွင် ကထိန်သင်္ကန်း ဆက်ကပ်အလှူပွဲတော်၊ မသိုး သင်္ကန်း ရက်လုပ်လှူဒါန်းပူဇော်ပွဲတော်၊ ဆီမီးထွန်းပွဲ တော်၊ မီးပုံးပျံပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်၊ ကျီးမနိုး ပွဲတော်၊ မယ်ဇလီဖူးသုပ်ဝေငှသော ပွဲတော်၊ ပုံ့သကူပွဲ တော်များဖြင့် ထူးခြားလေးနက်လျက်ရှိသည်။

ထိုသို့ လေးနက်သောအခါသမယတွင် ဗုဒ္ဓ ဘာသာ မြန်မာတစ်ဦးအနေဖြင့် မလှူဒါန်းလိုက်ရ သည့်အဖြစ်မျိုး မကြုံရလေအောင်၊ အခွင့်အခါ ကောင်းကို လက်လွှတ်မခံရလေအောင် တတ်နိုင် သည့် အလှူဒါနကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှူဒါန်း သွားသင့်ပေသည်။ အထူးသဖြင့် တန်ဆောင်တိုင် ကာလတွင် လောကီ၊ လောကုတ်နှစ်ဖြာသော အကျိုး တရားများအပြင် အဆုံးတစ်နေ့တွင်နိဗ္ဗာန်ကို မျက် မှောက်ပြုနိုင်သည့် ကထိန်သင်္ကန်းအလှူဒါနကို မိမိတို့၏ချွေးနဲ့စာဖြင့် ကိုယ်တိုင်ကိုယ်ကျ ပါဝင် လှူဒါန်းသွားသင့်သည်။ ထို့ကြောင့် အလှူဒါန ပွဲတော်များ ပျော်ပွဲရွှင်ပွဲများနှင့် လွှမ်းခြုံနေ သော တန်ဆောင်မုန်းလကို မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်ဟုပင် တင်စားရေးသား လိုက်ရပါသည်။

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဓနုဖြူ နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးများအပါအဝင် လယ်ယာထွက်ကုန်များနှင့် ခြံထွက်သီးနှံများကို တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ကွမ်းသီးအနု ပိဿာချိန်၅၀၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းသည် ကွမ်းသီးအနုများကို ပြည်ပဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို ပို့ကုန်အများအပြား တင်ပို့နေရခြင်းဖြစ်ပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့ လိုအပ်ပါတယ်။ သန့်ရှင်းဖို့လဲ လိုပါတယ်။ လက်ရှိ ကွမ်းသီးအနု ပိဿာချိန် ၁၀ ကို ငွေကျပ် ၉၅၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်က နေ့တစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ ကွမ်းသီးအနုရဲ့ ပြည်ပအဓိကဈေးကွက်က တရုတ်နိုင်ငံ ဈေးကွက်ပါ။ လက်ရှိ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေရပါတယ်"ဟု ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဓနုဖြူမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များမှ ကွမ်းသီးခြံများအရောက်သွားရောက်ဝယ်ယူကာ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ငပုတောမြို့နယ် သက္ကယ်သောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ငပုတော နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကယ်သောင်ကျေးရွာအုပ်စု သက္ကယ်သောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ သက္ကယ်သောင်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် လေးသန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းထံမှ သိရသည်။

သံသာ

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၄၉၅ ဧက ရိတ်သိမ်းပြီးစီး

ရွှေဘို နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၄၉၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၉၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယခုအခါ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်း ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၄၉၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ခင်းတွေအားလုံး အခုလက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



တန့်ဆည်မြို့နယ်တွင် နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ကြောင်း သိရသည်။

(၂၀၆)

# ပြည်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းပြုလုပ်

ပြည် နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်းကြီးကျေးရွာနှင့် ပိန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကုန်းကြီးကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာဝင်းက ကုန်းကြီးကျေးရွာနှင့် ပိန်းတောကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီးနောက် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာမှ ပူးပေါင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ်များ၊ ထမ်းဆောင်ရမည့်တာဝန်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ကုန်းကြီးကျေးရွာနှင့် ပိန်းတောကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၉၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ရန်ပုံငွေကျပ် ၇ ဒသမ ၅၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၅၁ သန်း ထုတ်ချေးထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်ထံမှ သိရသည်။

ကိုညို

# မင်းဘူးမြို့နယ် အလံပါယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလံပါယ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ပဥ္စမအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက အလံပါယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ပဥ္စမအကြိမ်အဖြစ် ဆီထွက်သီးနှံစိုက်ပျိုးမည့်တောင်သူ ၁၀၇ ဦးကို ရန်ပုံငွေကျပ် ၂၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကာလစည်းကမ်းသတ်ဥပဒေအကြောင်း သိကောင်းစရာ

**စိန်လှိုင်ဗိုလ်**

တရားစီရင်ရေးနယ်ပယ်တွင် ရာဇဝတ်မှုနှင့် တရားမမှုဟူ၍ရှိရာ ရာဇဝတ်မှုတွင် တရားစွဲဆိုရန် ကာလစည်းကမ်းသတ်မရှိသော်လည်း တရားမမှုတွင် ကာလစည်းကမ်းသတ်ဥပဒေသည် လွန်စွာအရေးပါအရာရောက်သည်။ တရားမမှုတစ်ခုကို စွဲဆိုမည်ဆိုပါလျှင် အချိန်ကာလသည် အရေးကြီးသည်။ မိမိစွဲဆိုမည့် အမှုသည် ကာလစည်းကမ်းသတ်ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုရှိ၊မရှိ ဦးစွာ စိစစ်ရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် ငွေရလိုမှုကို သုံးနှစ်အတွင်း စွဲဆိုရမည်ဖြစ်သကဲ့သို့ ကျူးကျော်သူအား ဖယ်ရှားထွက်ခွာစေမှုမျိုးတွင် ပိုင်ရှင်အားဆန့်ကျင်သည့်နေ့မှ ၁၂ နှစ်အတွင်း စွဲဆိုရမည်ဆိုသော ဥပဒေများအပါအဝင် ဖြစ်သည်။

ကာလစည်းကမ်းသတ်ဥပဒေအရ မြို့နယ်တရားရုံးက ပလပ်လိုက်သည့်အပေါ် တိုင်းတရားရုံးသို့ အယူခံဝင်ရောက်သည့်အခါ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ ၎င်းဒီကရီကို မကျေနပ်၍ နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံဝင်ရောက်ရာမှ အယူခံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်သည် တရားစီရင်ထုံးဖြစ်လာသဖြင့် အများပြည်သူ ဥပဒေဗဟုသုတ ရရှိစေရန်အလို့ငှာ ရေးသားတင်ပြလိုက်ပါသည်။

တောင်ငူမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၁၀/၇၈)တွင် ဦးဘိုးဖြူက ဒေါ်ထွန်းပါ သုံးဦးတို့အပေါ် ကျူးကျော်သူများကို ခြံမြေမှနှင်ထုတ်၍ ခြံမြေကွက်ကို လက်ရောက်ရလိုမှု စွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက စွဲဆိုသည့်အမှုကို ပလပ်လိုက်သည်။ ဦးဘိုးဖြူတို့က ပဲခူးတိုင်းတရားရုံးတွင် အယူခံသည့်အခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ဦးဘိုးဖြူ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ၎င်းဒီကရီကို ဒေါ်ထွန်းပါ သုံးဦးတို့က မကျေနပ်၍ အယူခံမှုတင်သွင်းခဲ့သည်။

တောင်ငူမြို့ (၁၃) ရပ်ကွက် (၅) လမ်း မြေချိန် ဧရိယာ (.၁၁၈) ရှိ မြေကွက်ကို ၎င်းမြေကွက်၏ တောင်ဘက်ခြမ်းတွင် နေထိုင်သော အယူခံတရားပြိုင် ဦးဘိုးဖြူသည် ၁၉၇၆ ခုနှစ် မတ် ၂၄ ရက်တွင် ဦးလှတင်ထံမှ ရေစစ္စရီစာချုပ်ဖြင့် ဝယ်ယူခဲ့သည်။ ထိုသို့ ဝယ်ယူပြီးနောက် အဆိုပါမြေကွက်၏ မြောက်ဘက် သုံးပုံ တစ်ပုံတွင် အိမ်ဆောက်နေထိုင်သော အယူခံတရားလိုများအား ဖယ်ရှားပေးရန် ပြောဆိုသောအခါ ဖယ်ရှားခြင်းမရှိ၍ အယူခံတရားလိုများကို မြေကွက်တွင် ကျူးကျော်ဝင်ရောက်နေထိုင်သူများအဖြစ် မူလရုံးတွင် တရားစွဲဆိုခဲ့သည်။

မြို့နယ်တရားရုံးက အယူခံတရားလိုများသည် မြေကွက်တွင် ပိုင်ရှင်အားဆန့်ကျင်၍ ၁၈ နှစ်၊ ၁၉ နှစ်ခန့် နေခဲ့သူများဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အပိုဒ်- ၁၄၂ နှင့် ၁၄၄ တို့အရ စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်သည်ဟုအကြောင်းပြ၍ အမှုကိုပလပ်ခဲ့သည်။ ပဲခူးတိုင်းတရားရုံးက အယူခံတရားလိုများသည် အချင်းဖြစ်မြေတွင်နေခြင်းမှာ ပိုင်ရှင်အား ဆန့်ကျင်ဘက်ပြုနေကြောင်း အထောက်အထား မရှိသောကြောင့် ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အပိုဒ်-၁၄၄ နှင့် သက်ဆိုင်ခြင်းမရှိဟု အကြောင်းပြကာ မြို့နယ်တရားရုံး၏ ဒီကရီကိုပယ်ဖျက်ပြီး အယူခံတရားပြိုင်များစွဲဆိုသည့်အတိုင်း ဒီကရီချပေးခဲ့သည်။



**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤအယူခံမှုတွင် တင်ပြသည့် အဓိကအကြောင်းပြချက်များမှာ အယူခံတရားလိုများသည် အချင်းဖြစ်မြေကွက်တွင် ကျူးကျော်ဝင်ရောက်နေထိုင်သူများ ဖြစ်ကြောင်း ပေါ်လွင်သဖြင့် မြို့နယ်တရားရုံးက ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ်-၁၄၂ ကို လက်ခံစဉ်းစားခဲ့သော်လည်း တိုင်းတရားရုံးက အပိုဒ်-၁၄၄ ကိုသာ စဉ်းစားခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ယခုအမှုတွင် အကျုံးဝင်သည်မှာ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအပိုဒ်-၁၃၆ ဖြစ်၍ ထိုအပိုဒ်အရ ကာလစည်းကမ်းသတ်ရေတွက်ရန်နေ့မှာ အရောင်းအဝယ်ပြုသောနေ့မှ စတင်ရေတွက်ရမည်ဟု တိုင်းတရားရုံးသုံးသပ်ခြင်းမှာ မှားယွင်းကြောင်းတင်ပြချက်ကို တရားရုံးချုပ်က စိစစ် သုံးသပ်ခဲ့သည်။ သုံးသပ်ခြင်းမှာ အယူခံတရားပြိုင် ဦးဘိုးဖြူ၏ ထွက်ချက်များအရ အယူခံတရားပြိုင် ဒေါ်ထွန်းတို့မိသားစုသည် အချင်းဖြစ်မြေတွင် ၁၉၅၉ ခုနှစ်ကပင် ဝင်ရောက်အိမ်ဆောက်နေကြောင်း၊ မည်သူ၏ ခွင့်ပြုချက်ကိုမျှမယူဘဲ အိမ်ဆောက်နေကြောင်း၊ မူလပိုင်ရှင် ဦးလှတင်က အယူခံတရားလိုများသည် မိမိအားပြောပြီးနေခြင်းမဟုတ်ကြောင်း၊ အယူခံတရားလိုများအား မိမိမသိကြောင်း၊ မထားကြောင်း ပြောပြခဲ့သည်များကို ထွက်ဆိုထားသည်ကို တွေ့ရသည်။

**အယူခံတရားလိုများသည် အချင်းဖြစ်မြေတွင် မည်သူတစ်ဦးတစ်ယောက်၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်ခြင်းမဟုတ်ဘဲ ကျူးကျော်နေထိုင်သူများ ဖြစ်ကြသောကြောင့် ၎င်းတို့က ကျူးကျော်ဝင်ရောက်သည့်နေ့မှစ၍ အချင်းဖြစ်မြေကို မူလပိုင်ရှင် ဦးလှတင်သည် လက်လွတ်ဖြစ်ခဲ့သည်။**

ရောင်းသည့်နေ့တွင် မြေလက်လွတ်ဖြစ်နေသော ရောင်းသူ ဦးလှတင်ထံမှ ဝယ်သူ ဦးဘိုးဖြူသည် မြေကိုလက်ရောက်ရလိုမှုစွဲဆိုပါက ကာလစည်းကမ်းသတ် ဥပဒေပထမဇယား အပိုဒ်-၁၃၆ တွင် သတ်မှတ်ထားသည့်ကာလအတွင်း စွဲဆိုရပေမည်။ **၎င်းအပိုဒ်အရ ကာလစည်းကမ်းသတ်အချိန်သည် ရောင်းသူ ဦးလှတင်က မြေကို ပထမဆုံး လက်ရှိပိုင်ခွင့်ရသည့်နေ့ရက်မှ ၁၂ နှစ်အတွင်းဖြစ်သည်။** ယခုအမှုအတွက် ကာလစည်းကမ်းသတ်အချိန်သည် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအပိုဒ်-၁၃၆ နှင့်သက်ဆိုင်ကြောင်းကို အယူခံတရားပြိုင်၏ ရှေ့နေကြီးရေးသားလျှောက်လဲချက်တွင် ဝန်ခံထားသည်။

သို့ရာတွင် အငြင်းပွားသည့်အချက်မှာ ၁၂ နှစ်ကာလသည် မည်သည့်နေ့ရက်မှ စတင်ရေတွက်ရမည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ပဲခူးတိုင်းတရားရုံးက ၁၂ နှစ်ကာလကို အရောင်းအဝယ်အထမြောက်သည့်နေ့မှ စတင်ရေတွက်ရမည်ဟု သုံးသပ်ခဲ့သည်။ အယူခံတရားလိုများ၏ ရှေ့နေကြီးက ကာလစည်းကမ်းသတ်ချသည့်နေ့ကို အယူခံတရားလို ဒေါ်ထွန်းပါ သုံးဦးတို့က အချင်းဖြစ်မြေသို့စ၍ ဝင်ရောက်ကျူးကျော်သည့်နေ့မှ စတင်ရေတွက်ရမည်ဟု တင်ပြခဲ့သည်။

ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ်-၁၃၆ စာတိုင် ၃ အရဆိုလျှင် ကာလစည်းကမ်းသတ် စတင်ရေတွက်ရမည့်နေ့သည် **ရောင်းသူ ဦးလှတင်က လက်ရှိပိုင်ခွင့်ရှိသော ပထမဆုံးနေ့မှ စတင်ရေတွက်ရမည်ဖြစ်သည်။** ရောင်းသူသည် ဤအမှုတွင် မူလပိုင်ရှင် ဦးလှတင် ဖြစ်သည်။ ဦးလှတင် ပိုင်ဆိုင်နေစဉ် ဒေါ်ထွန်းတို့သည် ၁၉၅၉ ခုနှစ်က ဝင်ရောက်ကျူးကျော်ခဲ့သောကြောင့် ဦးလှတင်သည် ဝင်ရောက်ကျူးကျော်ခြင်းခံရသည့် **ရက်မှစ၍ အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရယူရန် တရားစွဲဆိုပိုင်ခွင့်ရှိခဲ့သည်။**

တိုင်းတရားရုံးမှ သုံးသပ်သကဲ့သို့ ဦးလှတင်နှင့် ဦးဘိုးဖြူတို့ အရောင်းအဝယ်ဖြစ်မြောက်သည့်နေ့မှသာ ရယူပိုင်ခွင့်ရှိမည်မဟုတ်ပေ။ **ရောင်းသူက ပထမဆုံး လက်ရောက် ရယူခွင့်ရှိသော ၁၉၅၉ ခုနှစ်မှ ရေတွက်သော် ပစ္စည်းလက်ရောက်ရလိုမှုကို ဝယ်ယူသူက ၁၉၇၁ ခုနှစ်ထက် နောက်မကျဘဲ စွဲဆိုရန်လိုအပ်ပေသည်။ ယခုအမှုကို မြို့နယ်တရားရုံးတွင် ၁၉၇၈ ခုနှစ်အတွင်းက စွဲဆိုခဲ့ခြင်းဖြစ်သဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ပြီး စွဲဆိုကြောင်း တွေ့ရှိရသည်။**

အထက်ဖော်ပြပါ အကြောင်းများကြောင့် ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ အယူခံတရားပြိုင်ဦးဘိုးဖြူ စွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်ခဲ့သည်။ ဤအမှုတွင် မူလရုံးတရားလို ဦးဘိုးဖြူသည် မူလပိုင်ရှင် ဦးလှတင်ထံမှ မှတ်ပုံတင်စာချုပ်ဖြင့် မြေကို ဝယ်ယူခဲ့သည်မှန်သော်လည်း ထိုစဉ်ကပင် ဒေါ်ထွန်းပါ သုံးဦးတို့သည် ၎င်းမြေထဲတွင် မူလကပင် ကျူးကျော်ဝင်ရောက်နေထိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ မူလပိုင်ရှင် ဦးလှတင်က ထိုစဉ်ကပင် ဒေါ်ထွန်းတို့အား ကျူးကျော်သူအား နှင်လိုမှုစွဲဆိုပိုင်ခွင့်ရှိခဲ့သော်လည်း မစွဲဆိုဘဲ ၎င်း၏မြေကို ဦးဘိုးဖြူသို့ မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။

ရောင်းချသည့်မြေကို ဦးလှတင်ပိုင်သည်။ ဦးလှတင်က ဦးဘိုးဖြူကို မှတ်ပုံတင်စာချုပ်ဖြင့် တရားဝင်ရောင်းချခဲ့သည်မှန်သော်လည်း ကျူးကျော်ဝင်ရောက်သူ ဒေါ်ထွန်းတို့အား တရားမစွဲဆိုခဲ့သည့်အပြင် မြေကိုဝယ်ယူသူ ဦးဘိုးဖြူသည်လည်း ၁၉၇၆ ခုနှစ်ကပင် ဝယ်ယူခဲ့ပြီး ၁၉၇၈ ခုနှစ်ရောက်မှသာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ လိုရင်းအနှစ်ချုပ်ကို တင်ပြရပါမူ ဒေါ်ထွန်းတို့ ကျူးကျော်ဝင်ရောက်သည်မှာ ၁၉၅၉ ခုနှစ်ကပင် ဖြစ်သည်။ **ဦးလှတင်က ဒေါ်ထွန်းတို့အား ဖယ်ရှားထွက်ခွာပေးစေလိုမှု စွဲဆိုရန်မှာ ၁၉၅၉ ခုနှစ်မှ ရေတွက်သော် ၁၉၇၁ ခုနှစ်ထက် နောက်မကျဘဲ စွဲဆိုရန်လိုအပ်ကြောင်းဖြစ်သည်။**

ကျူးကျော်ခံရခြင်း အမှုမှန်ဖြစ်ပါသော်လည်း ကာလစည်းကမ်းသတ် ကျော်လွန်ပြီးနောက်မှ ပစ္စည်းလက်ရောက်ရလိုမှု စွဲဆိုခြင်းဖြင့် အောင်မြင်မှုမရနိုင်ကြောင်း **ဒေါ်ထွန်းပါ သုံးဦးနှင့် ဦးဘိုးဖြူ ၁၉၇၉ ခုနှစ် တရားမ ဒုတိယအယူခံမှုအမှတ်-၂၇၂** ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

## မိတ္ထီလာမြို့နယ် နတ်ကြီးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နတ်ကြီးကုန်းကျေးရွာ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နတ်ကြီးကုန်းကျေးရွာ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၁၇၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နီလာ**

# အမေရိကန်နိုင်ငံ နယူးဂျာစီနှင့် နယူးယောက်ပြည်နယ်တို့တွင် ခြောက်သွေ့သောရာသီဥတုကြောင့် တောမီးလောင်ကျွမ်းမှုပြင်းထန်နေ



**ဝါရှင်တန် နိုဝင်ဘာ ၁၃**

အမေရိကန်နိုင်ငံ နယူးဂျာစီနှင့် နယူးယောက်ပြည်နယ် နယ်နိမိတ်ကြား သစ်တောဧရိယာများတွင် ခြောက်သွေ့သောရာသီဥတုကြောင့် တောမီးလောင်ကျွမ်းမှုပြင်းထန်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

နယူးဂျာစီနှင့် နယူးယောက်ပြည်နယ် နယ်နိမိတ်ကြား သစ်တောဧရိယာများတွင်ခြောက်သွေ့သောရာသီဥတုကြောင့် သစ်ပင်၊ သစ်ရွက်များ ခြောက်သွေ့ကာ တောမီးလောင်ကျွမ်းမှုကိုအားပေးသည့်လောင်စာများဖြစ်လာသဖြင့် အဆိုပါသစ်တောများ၏ တောလမ်းတစ်လျှောက် လောင်ကျွမ်းနေသည့်တောမီးကို ပြည်နယ်မီးသတ်တပ်ဖွဲ့က ထိန်းချုပ်ရန်ခက်ခဲနေကြောင်း သိရသည်။

နယူးဂျာစီပြည်နယ်၏ ပါဆာရစ်ကောင်တီနှင့် နယူးယောက်ပြည်နယ်၏ အော်ရိန်းကောင်တီကြားတွင်ရှိသည့် သစ်တောဥယျာဉ်ကိုလည်း တောမီးကူးစက်ခဲ့သဖြင့် သစ်တောဥယျာဉ်၏ သစ်တောဧက ၅၀၀၀ ခန့်ပျက်စီးခဲ့ပြီး ဥယျာဉ်ဝန်ထမ်းတစ်ဦး မီးလောင်ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၉ ရက်က စတင်လောင်ကျွမ်းခဲ့သည့် တောမီးကို လက်ရှိအချိန်တွင် ၂၀ ရာခိုင်နှုန်းသာ ထိန်းချုပ်နိုင်သေးကြောင်း နယူးဂျာစီပြည်နယ် သစ်တောမီးသတ်ဌာနက နိုဝင်ဘာ ၁၂ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဂရိနိုင်ငံအနောက်ဘက်ခြမ်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား

**အေသင် နိုဝင်ဘာ ၁၃**

ဂရိနိုင်ငံ အနောက်ဘက်ခြမ်း ဒေသများတွင် နိုဝင်ဘာ ၁၂ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားနေပြီး မိုးရေချိန်မြင့်မားမှုကြောင့် ရေဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ကြောင်း ဂရိမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန National Weather Service(EMY) က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂရိနိုင်ငံ အနောက်ဘက်ခြမ်း အိုင်ယိုနီယန်းကျွန်း၊ အီပီရက်စ်ဒေသ၊ တက်ဆယ်လီဒေသနှင့် ပီလိုပွန်နီစီဒေသ အနောက်မြောက်ဘက်ပိုင်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းနေခြင်းဖြစ်ပြီး မိုးသီးများလည်း ကျလာနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ National Weather Service(EMY)၏ ခန့်မှန်းချက်အရ မိုးသည်းထန်စွာ ရွာသွန်းပြီးလျှင် ဆီးနှင်းများ ကျဆင်းလာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ သို့သော်လည်း မိုးရွာသွန်းနေသည့်ကာလအတွင်း ဂရိနိုင်ငံ အနောက်ဘက်ပိုင်းဒေသများတွင် ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။



"ဂရိနိုင်ငံ အနောက်ဘက်ပိုင်း နယ်မြေတွေမှာ မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။ ကုန်းနိမ့်ပိုင်းမှာ ရေဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ရေကြီးရေလျှံမှုပြဿနာနဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ ဒေသတွေကတော့ အိုင်ယိုနီယန်းကျွန်း၊ အီပီရက်စ်ဒေသ၊ တက်ဆယ်လီဒေသနဲ့ ပီလိုပွန်နီစီဒေသ အနောက်မြောက်ဘက်ပိုင်းတို့ပဲ ဖြစ်ပါတယ်"ဟု National Weather Service(EMY) က ထုတ်ပြန်ခဲ့သည်။

ဂရိနိုင်ငံ အေသင်မြို့တွင် ပြီးခဲ့သော ဩဂုတ်လက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကီဖစ်ဆော့မြစ်ရေလျှံတက်ခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့မှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ယခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကာဗွန်ထုတ်လွှတ်မှုမြင့်တက်ခဲ့ကြောင်း Global Carbon Budget အဖွဲ့အစည်းကထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၁၃**

ဗြိတိန်နိုင်ငံ အိတ်စတာမြို့တွင် အခြေစိုက်သည့် Global Carbon Budget အဖွဲ့အစည်းမှ သုတေသီများက ယခုနှစ်အတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကာဗွန်ထုတ်လွှတ်မှုနှုန်း မြင့်တက်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကုလသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်၍ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးစီမံချက်များကို အကောင်အထည် ဖော်နေသော်လည်း ရုပ်ကြွင်းလောင်စာသုံးစွဲမှုနှုန်းမြင့်မားခဲ့ခြင်းကြောင့် ကာဗွန်ထုတ်လွှတ်မှုနှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ စစ်တမ်းများအရ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် ၄၀ ဒသမ ၆ ဘီလီယံရှိခဲ့သော်လည်း ယခုနှစ်အတွင်း ကာဗွန်ထုတ်လွှတ်မှုပမာဏမှာ မက်ထရစ်တန် ၄၁ ဒသမ ၆ ဘီလီယံထိ ရှိခဲ့ကြောင်း၊ အဆိုပါစစ်တမ်းကို အိတ်စတာတက္ကသိုလ်မှ သုတေသီများအပါအဝင် အင်စတီကျူပေါင်း ၈၀ ကျော်မှ သုတေသီများ ပူးပေါင်း၍ Global Carbon Budget အဖွဲ့အစည်းမှ သုတေသီ များ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အတွင်း ကာဗွန်ထုတ်လွှတ်မှုတွေ မြင့်တက်ခဲ့ပါတယ်။ ကာဗွန်ထုတ်လွှတ်မှုပမာဏ မြင့်တက်ခဲ့တာကြောင့် ရာသီဥတုလွန်ကဲမှုတွေ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ စစ်တမ်းတွေအရတော့ ဒီနှစ်အတွင်းမှာ ရုပ်ကြွင်းလောင်စာ သုံးစွဲမှုနှုန်းက တော်တော်လေးကို မြင့်မားခဲ့ပါတယ်"ဟု Global Carbon Budget အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ သုတေသီ ဖရီးဒလင်းစတိုင်းက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# လာကီ-လာကီမီးတောင်မှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် ဘာလီကျွန်းသို့ဆင်းသက်မည့် ဩစတြေးလျလေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့

**ဂျကာတာ နိုဝင်ဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံ ဖလော်ရက်စ်ကျွန်းရှိ လာကီ-လာကီ မီးတောင်အတွင်းမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့ထားရပြီး ဩစတြေးလျနိုင်ငံမှ ဘာလီကျွန်းသို့ ပြေးဆွဲနေသော Jetstar၊ Qantas နှင့် Virgin Australia လေကြောင်းလိုင်းများသည် မီးခိုးငွေ့များ ဘာလီကျွန်းဘက်သို့ ဦးတည်နေသည့်အတွက် လေကြောင်းခရီးစဉ်များကို ယနေ့မှစတင်၍ ယာယီဆိုင်းငံ့ထားကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လာကီ-လာကီ မီးတောင်သည် နိုဝင်ဘာ ၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် နိုဝင်ဘာ ၁၀ ရက်တွင် ပေါက်ကွဲမှုဖြစ်စဉ်ထပ်မံဖြစ်ပွားခဲ့ခြင်းကြောင့် မီးတောင်အတွင်းမှ မီးခိုးငွေ့များပေါက်ထွက်မှုနှုန်း မြင့်မားလာခဲ့ခြင်းဖြစ်ကြောင်း၊ မီးတောင်အတွင်းမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များ ဖုံးလွှမ်းနေသည့်အတွက် ဘာလီကျွန်းကိုပြေးဆွဲမည့် လေကြောင်းခရီးစဉ်ကို ယာယီဆိုင်းငံ့လိုက်ခြင်းဖြစ်ကြောင်း Virgin Australia လေကြောင်းလိုင်းမှ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"လာကီ-လာကီ မီးတောင်က ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေဟာ ဘာလီကျွန်းဘက်ကို ဦးတည်နေပါတယ်။ လာမဲ့ရက်ပိုင်းအတွင်း ဘာလီကျွန်းပေါ်ကို မီးခိုးငွေ့တွေ ဖုံးလွှမ်းသွားဖွယ် ရှိနေပါတယ်။ မီးခိုးငွေ့တွေဟာ ဒန်ပါဆာနယ်မြေကို ရောက်ရှိနေပြီဖြစ်ပါတယ်။ မီးခိုးငွေ့တွေကြောင့် ဒန်ပါဆာရှိ ပြည်တွင်း၊ ပြည်ပ လေကြောင်းခရီးစဉ်တွေကို ယာယီဆိုင်းငံ့ထားဖို့ သက်ဆိုင်ရာကို အသိပေးထားပြီးဖြစ်ပါတယ်"ဟု အင်ဒိုနီးရှား မိုးလေဝသဦးစီးဌာန(BoM) က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကင်ညာနိုင်ငံတွင် ပလတ်စတစ်တွင်ပါသည့် ပိုလီစတီရင်းဒြပ်ပေါင်းကို စားသုံးခြေဖျက်နိုင်သောအင်းဆက်များတွေ့ရှိ

**နိုင်ရိုဘီ နိုဝင်ဘာ ၁၃**

ကင်ညာနိုင်ငံ၌ ပလတ်စတစ်တွင်ပါသည့် ပိုလီစတီရင်းဒြပ်ပေါင်းကို စားသုံးခြေဖျက်နိုင်သော အင်းဆက်များကို တွေ့ရှိခဲ့ကြောင်း ကင်ညာနိုင်ငံအခြေစိုက် International Center of Insect Physiology and Ecology မှ သိပ္ပံပညာရှင်အဖွဲ့က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပလတ်စတစ်တွင် ပါသည့် ပိုလီစတီရင်း ဒြပ်ပေါင်းသည် သဘာဝအလျောက် ဇီဝပျက်စီးမှုမရှိခြင်း၊ ပြန်လည်အသုံးပြုရန် ခက်ခဲခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်စေခြင်းများကို ဖြစ်စေကြောင်း၊ ကင်ညာနိုင်ငံက သိပ္ပံပညာရှင်အဖွဲ့က အဆိုပါ ပလတ်စတစ်များတွင် ပါသည့် ပိုလီစတီရင်းဒြပ်ပေါင်းကို ၎င်းတို့တွေ့ရှိခဲ့သည့် အင်းဆက်များက ဖြိုခွဲနိုင်စွမ်းရှိကြောင်း၊ အဆိုပါ အင်းဆက်မျိုးစိတ်များသည် အရှေ့အာဖရိကတိုက် နိုင်ငံများတွင် နေထိုင် ကျက်စားကြကြောင်း လေ့လာမှုများတွင်ဖော်ပြထားသည်။

International Center of Insect Physiology and Ecology မှ သိပ္ပံပညာရှင်များတွေ့ရှိခဲ့သော အင်းဆက်မျိုးစိတ်သည် Alphitobius Genus ၏ မျိုးစိတ်ခွဲတစ်ခုဖြစ်ကြောင်း၊ ၎င်းတို့၏ အစာအိမ်အတွင်းရှိ ဗက်တီးရီးယားများသည် ပိုလီစတီရင်းဒြပ်ပေါင်းကို ခြေဖျက်နိုင်ကြောင်း သိရသည်။

ယခုလေ့လာတွေ့ရှိသည့် ပလတ်စတစ်စား အင်းဆက်များကို စနစ်တကျလေ့လာမွေးမြူသွားမည်ဆိုပါက ပလတ်စတစ်အမှိုက်များကို စီမံခန့်ခွဲရာတွင် ပိုမိုလွယ်ကူသော နည်းလမ်းဖြင့် ကိုင်တွယ် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်အဖွဲ့က ပြောကြားထားသည်။

Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ




# အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့် (ပုံစံ-၇) ရရှိထားသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသူများ သိရှိနိုင်ရန်ကြေညာချက်

ရက်စွဲ ၊ ၁၃-၁၁ - ၂၀၂၄

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development ltd., တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ ရေကြီးရေလျှံမှုလျှော့ချနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့်သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁ဧက)လျှင် ကျပ်သိန်း(၁၅၀၀)နှုန်း၊ မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁ဧက) လျှင် ကျပ်သိန်း(၆၀၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခြင်းနည်းလမ်းနှင့်လည်းကောင်း၊ စီမံ ကိန်းဧရိယာအတွင်း မြို့မြေကွက်များဖြင့် စီမံကိန်းစာချုပ်ပါအတိုင်း လဲလှယ်ပေးခြင်းနည်းလမ်းနှင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါနည်းလမ်းများနှင့်ဆောင်ရွက်ခဲ့ရာ စီမံကိန်းဧရိယာ၏ (၇၅%)ကျော် ဆောင်ရွက်ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများအနက် အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ရောင်းချခြင်း၊ စီမံကိန်းတွင်ပေါ်ထွက်လာမည့် မြို့မြေကွက်များနှင့် စီမံကိန်းစာချုပ်ပါအတိုင်း လာရောက်လဲလှယ်ခြင်း၊ ဆောင်ရွက်ရန်ကျန်ရှိနေသူများအား မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်များအတွက် ပြန်လည်ရရှိမည့် ငွေကြေး (သို့မဟုတ်)စီမံကိန်းမြို့မြေကွက်များ လာရောက် ရယူနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီက (၁၅-၉-၂၀၂၃) ရက်နေ့တွင် ရက်ပေါင်း(၆၀) ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၈-၁-၂၀၂၄)ရက်နေ့တွင် ရက်ပေါင်း(၃၀) ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ သတင်းစာများတွင် ကြေညာပေးခြင်း၊သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်ဗီနိုင်းများကပ်ပြီး အသိပေးခြင်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ ထို့အပြင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီမှ (၃၁.၁၂.၂၀၂၃) ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည့် မြေယာဝယ်ယူရေးနှင့်မြို့မြေစလစ်လဲလှယ်ရေးဆပ်ကော်မတီအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ မြေယာများ လာရောက်ရောင်းချရန် ကျန်ရှိသူများ၊ မြို့မြေကွက်လဲလှယ်ရန်ကျန်ရှိသူများအား (၁၁.၄.၂၀၂၄) ရက်နေ့မှ (၁၃.၇.၂၀၂၄)ရက်နေ့အတွင်း (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ) (၆)ကြိမ် ခေါ်ယူတွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုအခါတွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိပြီး စီမံကိန်းသို့ လာရောက်ရောင်းချရန် (သို့မဟုတ်) မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန်ကျန်ရှိနေသည့် ကွင်းအမှတ် (၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁ (ရွှေကြက်ယက်))အတွင်းရှိ ပုံစံ(၇)ရှိသော ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်နှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးခွင့်ရရှိထားခဲ့သောမြေနေရာ (၈၀၅.၃၂ဧက)၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို ပယ်ဖျက်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၆။ စိုက်ပျိုးလုပ်ကိုင်ခွင့်ပယ်ဖျက်ရုပ်သိမ်းမည့် ကွင်းအမှတ် (၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁ (ရွှေကြက်ယက်))အတွင်းရှိ (၈၀၅.၃၂ ဧက)တွင်ပါဝင်သော စိုက်ပျိုးလုပ်ကိုင်ခွင့် အထောက်အထားရှိသူများအနေနှင့် မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်စာရွက်စာတမ်းမူရင်းများဖြင့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီတွင် (၁၈.၁၁.၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး သတ်မှတ်နှုန်းထားငွေကြေးသော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း စီမံကိန်းမှပေါ်ထွက်လာမည့် မြို့မြေကွက်သော်လည်းကောင်း ရယူ/ထုတ်ယူနိုင်ရန် အသိပေးအပ်ပါသည်။

၇။ နောက်ဆုံးဆက်သွယ်ဆောင်ရွက်ရမည့် သတ်မှတ်ရက်ကျော်လွန်ပါက အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီက လိုအပ်သလိုဆက်လက် စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး
အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ

**ဆက်သွယ်ရန်**

- ခရိုင်အုပ်ချုပ်ရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
  ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)
- အတွင်းရေးမှူး ၊ အမရပူရ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၄၂၈၀၀၁၄၅၄)
- အဖွဲ့ဝင် ၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၉၆၉၉၈၈၀၁၁ / ၀၉-၉၆၉၉၈၈၈၉၇)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR

THE BEST QUALITY TYRE



TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

Myanmar MOBILE MONEY



အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## မိဘအမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သပြေညို ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 တွင်ပညာသင်ကြားနေသော မခိုင်ချောနုလွင်၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြတ်ထွန်းအောင်+ဒေါ်နိုင် ဖြစ်ပါကြောင်း။

ဦးမြတ်ထွန်းအောင်(၉/နထက(နိုင်)၁၀၅၅၁၈)
ဒေါ်နိုင်(၉/နထက(နိုင်)၁၆၅၉၈၅)

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ (ဘ) ဦးသက်နိုင်ထွန်း၏သမီး မဆောင်းဟေမာန်ထွန်း (၁၂/တမန(နိုင်)၁၄၄၉၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-108194)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၃၇၇၂၇၇၁

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ ထန်းဝွကျေးရွာအုပ်စု၊ ထန်းဝွ(မြောက်)ကျေးရွာနေ (ဘ) ဦးကြည်ဆိုင်၏သား မောင်နေမင်းနောင် (၉/နထက(နိုင်)၁၃၁၈၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-487295)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၅၅၇၇၅၂၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)တွင်ပညာသင်ကြားနေသော မောင်စောသဲအောင် (၉/မတရ(နိုင်)၂၁၃၀၉၁)နှင့် နိုင်ငံခြားဘာသာတက္ကသိုလ်(မန္တလေး)တွင် ပညာသင်ကြားနေသော မစောနန်းဝေ (၉/မတရ(နိုင်)၂၁၇၆၅၅)တို့၏ ဖခင်မှာ ဦးညွန့်မင်း နှင့် ဦးနေလင်း သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မိခင်မှာ ဒေါ်သန်းသန်းဝေနှင့် ဒေါ်စန်းစန်းဝေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးညွန့်မင်း(ခ)ဦးနေလင်း(၉/မတရ(နိုင်)၁၀၈၄၉၄)
ဒေါ်သန်းသန်းဝေ(ခ)ဒေါ်စန်းစန်းဝေ(၉/မတရ(နိုင်)၂၀၁၄၅၅)

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်...

❖ "ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး "အများဆုံး"ရှိသည်ဆိုသည်မှာ "အရေအတွက်"ကို ဆိုလို...

❖ မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မီးပုံးပျံငယ်လွှတ်တင်ပူဇော်စဉ်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာလာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့် နေရာသို့ ရောက်ရှိကြရာ စာမျက်နှာ ၁၈ ကော်လံ ၁ ☆

